# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁) ရက် ၊ သောကြာနေ့ ၊ (1-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၂၄)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနီးနီးနှုတ်ဆက်





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိ မြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား တော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက် သည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်း လွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံ ပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

စာမျက်နှာ ၁၆ ကော်လံ ၁ ➜


**Myanmar Mobile Money (MMM)** ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာဘောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား
MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရတနာပုံ

၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်

အယ်ဒီတာ့အာဘော်

# သီးနှံသစ်တော ရောနှောစိုက်ပျိုး

ယခုအခါ ကမ္ဘာ့နိုင်ငံများ တွေ့ကြုံနေရသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရန် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများအသုံးပြု၍ အလေးပေးဆောင်ရွက်လာကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရာသီဥတုမျှတစေရန် ထိန်းညှိပေးနိုင်ပြီး မြေဆီမြေဩဇာကြွယ်ဝစေသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းလမ်းကို အဓိကအသုံးပြုလာကြသည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းသည် မြေအသုံးချမှု နည်းစနစ်တစ်မျိုးဖြစ်၍ ၎င်းအသုံးချခံမြေဧရိယာပေါ်မှ ရေရှည်အကျိုးအမြတ်ရရှိရန်၊ သစ်တောထွက်ပစ္စည်း၊ စိုက်ပျိုးသီးနှံနှင့် မွေးမြူရေးထုတ်ကုန်တစ်မျိုးထက် ပိုပိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ လုပ်ကိုင်သော မြေယာအသုံးချမှုစနစ်တစ်ခုဖြစ်သည်။ အခြေခံအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် ဆေးဖက်ဝင်ပင်များ၊ နွယ်ပင်များအပါအဝင် ရာသီသီးနှံပင်များ၊ စားပင်သီးပင်များ၊ ကြီးမြန်ပင်များ ပူးပေါင်းစိုက်ပျိုးကာ မြေဧရိယာတစ်ခုတည်းမှ အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များကို နှစ်ရှည် သို့မဟုတ် နှစ်ချင်းစားသုံးသီးနှံများနှင့်သော်လည်းကောင်း၊ တိရစ္ဆာန်အစားအစာဖြစ်သည့် အပင်များ၊ ပဲမျိုးများစသည်တို့နှင့်သော်လည်းကောင်း ရောနှောစိုက်ပျိုးလေ့ရှိသည်။ ထို့ပြင် ငါး၊ ပုစွန်၊ ကဏန်းများနှင့် ဒီရေတောအပင်များ စိုက်ပျိုးမွေးမြူခြင်း၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွားများနှင့် သစ်တောသစ်ပင်များ ရောနှောစိုက်ပျိုးမွေးမြူခြင်းတို့သည်လည်း သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်သည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးနည်း အမျိုးမျိုးရှိသည်။ သီးချသစ်တောရောနှောစိုက်ပျိုးခြင်းတွင် ပါဝင်သည့်အစိတ်အပိုင်းများအပေါ် မူတည်၍လည်းကောင်း၊ မတူကွဲပြားသော ဒေသများနှင့် ဂေဟစနစ်များ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မိရိုးဖလာစိုက်ပျိုးမှုပုံစံများအပေါ်တွင် မူတည်၍လည်းကောင်း သီးနှံသစ်တောစိုက်ပျိုးနည်းစနစ် အမျိုးမျိုးကွဲပြားသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနည်းစနစ်များသည် မိသားစုအလိုက် တစ်နိုင်တစ်ပိုင်ဆောင်ရွက်သော မိရိုးဖလာလုပ်ငန်းများဖြစ်သကဲ့သို့ အစုအဖွဲ့ဖြင့် ဆောင်ရွက်နိုင်သော လုပ်ငန်းများလည်းဖြစ်သည်။ မိမိ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ စီးပွားဖြစ်ဆောင်ရွက်နိုင်သောလုပ်ငန်းများဖြစ်သည်။ နေရာဒေသ၊ ရာသီဥတု၊ ဈေးကွက်နှင့် ဒေသခံပြည်သူများ၏ စိတ်ဝင်စားမှုအပေါ် အခြေခံပြီး ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ယနေ့အချိန်ထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ၅၆၉၆၇၃ ဧကနှင့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းတွင် ၈၇၆၁ ဧက၊ သီးနှံသစ်တောရောနှောစိုက်ခင်း စုစုပေါင်း ၅၇၈၄၃၄ ဧကကို တည်ထောင်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း အထူးသဖြင့် ကျေးလက်ဒေသနေ ပြည်သူများသည် စားနပ်ရိက္ခာဖူလုံပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သစ်တောစိုက်ခင်းလုပ်ငန်းများတွင် ဒေသအလိုက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်းအပါအဝင် ရာသီအလိုက် ဟင်းသီးဟင်းရွက်နှင့် သီးနှံများရောနှောစိုက်ပျိုးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဝါခေါင်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး ဩဂုတ် ၃၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ ဝါခေါင်လပြည့်နေ့(ယနေ့)၌ နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြကာ ယခင်ရက်များထက် ဘုရားဖူး ဦးရေတိုးကာ စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ မြန်မာလူမျိုးတို့ရဲ့ ဝါခေါင်လပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ ဒီနေ့မှာဆိုရင် မြို့ပေါ်ရပ်နီးရပ်ဝေးနယ်စုံဒေသက ဘုရားဖူးတွေက မနက်အစောပိုင်းကနေစပြီး လာရောက်ဖူးမြော်နေကြတာပါ။ ဘုရားဝတ်ပြုသူ၊ တရားထိုင်သူ၊ ဓမ္မစကြာ၊ ပဋ္ဌာန်းရွတ်ဖတ်သူတွေ၊ ရွှေသင်္ကန်းကပ်သူတွေ၊ ပန်းကပ်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေက သမိုင်းပန်းချီပြတိုက်၊ ကြေးစည်တော်ကြီးပြတိုက်၊ ကြေးရုပ်ပြတိုက်နဲ့ ကြေးမောင်းကြီးနေရာတွေကိုလဲ သွားရောက်လေ့လာကြပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်" ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၀၀၄၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဩဂုတ် ၃၁**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ဆိုင်ကယ်အသစ် တင်သွင်းမှု လျော့ကျလာသဖြင့် တင်သွင်းပြီးသား အသစ်ဘီးများနှင့် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရပြီး ဆိုင်ကယ်ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း ဆိုင်ကယ် ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် တစ်ပတ်ရစ်ဈေးကွက်တွင်လည်း အရောင်းဘီးများ နည်းပါးလာမှုကြောင့် တစ်ပတ်ရစ်ဘီးများလည်း ဈေးနှုန်းမြင့်တက်လျက်ရှိရာ ဆိုင်ကလုန်း တစ်စီးလျှင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ ခန့်ထိ ရှိလာကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၁ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၇ သိန်း၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း ဆိုင်ကယ် အရောင်းအဝယ်လုပ်ကိုင်သူ ဦးနိုင်ထွန်းထံမှ သိရသည်။

မန္တလေးကားဈေးကွက်အတွင်း၌ နယ်ဝယ်လက် အဆင်းနည်းလာခြင်းကြောင့် အရောင်းအဝယ် ပြန်အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါ နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်း တစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ ဈေးကွက်ကို ဦးဆောင်နေပြီး လုပ်ငန်းသုံးကားများလည်း ဈေးမြင့်တက်မှုများ ရှိလာကြောင်း၊ လူကြိုက်များသည့် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားမှာ ငွေကျပ် သိန်း ၅၀ ခန့်ထိ ဈေးနှုန်းမြင့်တက်သွားကြောင်း သိရသည်။

နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ငွေကျပ် သိန်း ၄၀၀ ခန့်ဈေးတန်းရှိ ဟွန်ဒါဖစ်၊ တိုယိုတာဝစ်၊ ဆူဇူကီးဆွစ် စသည့်ကားများ အရောင်းအဝယ်ရှိနေကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်းခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားနေ

**မန္တလေး ဩဂုတ် ၃၁**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့နေထိုင် ကျက်စားနေကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်ရေများချိန်ကာလတွင် ဧရာဝတီလင်းပိုင်များ နေရာပြောင်း၍ အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခင်က ဧရာဝတီလင်းပိုင်များသည် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိရာမှ ဩဂုတ် ၃၀ ရက်မှစ၍ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေက တဖြည်းဖြည်းတက်လာတာကြောင့် မြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါများတဲ့ မတ္တရာမြို့နယ်အတွင်းက မြေစွန်းကျေးရွာအနီးမှာ အုပ်စုလိုက်နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ ဩဂုတ် ၃၀ ရက်က တွေ့မြင်ထားပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ထို့ပြင် ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ပြည်တွင်းခရီးသွားဧည့်သည်များအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ကြည့်ရှုနိုင်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ၌ ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေရန် ရည်ရွယ်၍ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်း၊ ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် အင်ဂျင်နီယာဝန်ထမ်းများက သာယာစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်းက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၆၅၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၂၂ ဒသမ ၈၆၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Great KMT Engineering ကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက သာယာစုကျေးရွာရှိ အိမ်ခြေ ၁၀၀၊ လူ ၄၁၅ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေး ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၇၁လမ်း၊ လမ်း ၃၀-၃၁ လမ်းကြားနေ ဦးရဲသီဟထွန်း-ဒေါ်အိအိအောင်၊ သမီး-မြတ်သဥ္ဇာဖြူ မိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ရေတာင်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၄၈၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ပုတော ဩဂုတ် ၃၁**

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၄၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၄၈၃ ဧကကို ယခုနှစ် မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ အဆိုပါစိုက်ပျိုးခဲ့သည့် မိုးသီးနှံစုံ ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးသီးနှံစုံ ၂၄၈၃ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိလျာထားဧကတွေအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့ နည်းပညာနဲ့အခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

အဆိုပါ မိုးသီးနှံစုံ ၂၄၈၃ ဧကတွင် မိုးမြေပဲ ၅၆၂ဧက၊ နှမ်း ၅၁ ဧက၊ ဖူးစားပြောင်း ၂၄၇ ဧက၊ ကြံ ၄၁၊ ပဲစင်းငုံ ၉၁ ဧက၊ ငရုတ် ၃၀ ဧက၊ ကွမ်း ၃၁ ဧက၊ ပီလောပီနံ ဧက ၄၅၀၊ ပန်းအမျိုးမျိုး ဧက ၂၀၊ ဟင်းသီးဟင်းရွက် ၈၇၁ ဧက၊ ပိန်းဥ ၈၉ ဧကဖြစ်ကြောင်း သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် တလိုင်းရပ်ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်သူက အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ထုတ်ပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာကော်မတီဝင်များထံ ငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက တလိုင်းရပ်ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၁၉ ဦးကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**

# ကချင်ပြည်နယ်ထွက် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာ

**မြစ်ကြီးနား ဩဂုတ် ၃၁**

ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးကပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း၌ အဓိကထားစိုက်ပျိုးသည့် တစ်သျှူးငှက်ပျောများကို ယခုလက်ရှိ တရုတ်နိုင်ငံသို့ တင်ပို့မှု အားကောင်းလာကြောင်း၊ ဩဂုတ်လပထမပတ်အတွင်းက တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ အနည်းငယ်သာရှိခဲ့သော်လည်း ယခုလက်ရှိ တစ်သျှူးငှက်ပျော တင်ပို့သည့် ကုန်တင်ကားအစီးရေ ပြန်လည်များပြားလာကြောင်း သိရသည်။

"အခု ကချင်ပြည်နယ်က ထွက်ရှိတဲ့ တစ်သျှူးငှက်ပျောကို ၁၂ ဘီးကားနဲ့ ကံပိုင်တည်နယ်စပ်ဂိတ်ကနေ တရုတ်နိုင်ငံကို တင်ပို့တာနည်းတယ်။ တစ်သျှူးငှက်ပျောတွေကို ၂၂ ဘီးကားတွေ နဲ့ပဲ အဓိကထား တင်ပို့နေကြတယ်"ဟု ကချင်ပြည်နယ် အဝေးပြေးကုန်စည် ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ဩဂုတ်လ ပထမပတ်က ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်တင်ကားအစီးရေ ၁၀၀ ကျော်သာရှိခဲ့သော်လည်း လက်ရှိ ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်တင်ကားအစီးရေ ၂၅၀ ကျော်ထိရှိလာကြောင်း ကချင်ပြည်နယ် အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

(၁၈၄)



# လူရိုးနဲ့လူမိုက်၊ လူကောင်းနဲ့လူယုတ်မာ

မောင်ဖြိုးသူ(ကြို့ပင်ကောက်)

အကျဉ်းထောင်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်အရ လွတ်မြောက်လာကြသူများ၏ သတင်းဓာတ်ပုံများကိုကြည့်ရှုပြီး ပြည်ထဲရေးဝန်ကြီးဌာန မှုခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီ၏ စီစဉ်ဦးဆောင်မှုဖြင့် စတင်ထုတ်ဝေခဲ့သော မှုခင်းဂျာနယ်များနှင့် မှုခင်းမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်၊ ဒုတိယ အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာအဖြစ် သက်တမ်း ၂၅ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ရသော ကျွန်တော့်အနေဖြင့် မှုခင်းဂျာနယ်များတွင် ဖော်ပြပေးခဲ့သော ဖြစ်ရပ်မှန်မှုခင်းသတင်းတချို့ကို ပြန်လည်သတိရမိသည်။

ဆိုင်ကယ်သူခိုး ထောင်မှထွက်လာလာချင်း ဆိုင်ကယ်ခိုးရင်းက လူသတ်မှုထပ်မံကျူးလွန်သည့်မှုခင်းသတင်း၊ လူသတ်မှုကြောင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံခဲ့ပြီး ထောင်မှလွတ်လာသောအခါ အကြောင်းမဲ့ ထပ်မံ၍ လူသတ်သည့် မှုခင်းသတင်းများကို ကျွန်တော်မကြာခဏဖော်ပြခဲ့သည်။

လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ်အလီလီပေးခဲ့စဉ်က လွတ်မြောက်လာခဲ့ကြသော ရဲဘက်ပြေး၊ ဝရမ်းပြေးများ၊ ခါးပိုက်နှိုက်၊ သူခိုးနှင့် ဖောက်ထွင်းရေးသမားများ၊ ဓားပြများ၊ မုဒိမ်းကောင် အဓမ္မကျူးလွန်သူများ၊ လူသတ်တရားခံများ၊ မူးယစ်ဆေးသုံးစွဲထုတ်လုပ်ဖြန့်ချိသူများနှင့် အခြားသော ပြစ်မှုကျူးလွန်သူများအနက် အချို့သည် မူလကကျူးလွန်ခဲ့ကြသောပြစ်မှုဟောင်းများအတိုင်း အကြိမ်ကြိမ်အဖန်ဖန် ထပ်မံကျူးလွန်နေကြသည့်အပြင် ယခင်ပြစ်မှုဟောင်းများထက် ပိုမိုကြီးလေးသော ပြစ်မှုအသစ်များကိုပင် ဆက်လက်ကျူးလွန်ခဲ့ကြသည်။

"ထောင်ထဲမှာနေခဲ့ကြရတာတောင်မှ နောင်တမရ၊ သံဝေဂမရကြတဲ့ လူ့ငမိုက်သားတွေ။ တစ်သက်တာထာဝရ နောင်တရနောင်ကြဉ်သွားကြအောင် ပြင်းပြင်းထန်ထန်အပြစ်ပေးသင့်တယ်။ ဆိုလိုတာက ထောင်ဒဏ်တစ်နှစ်ကျခံရပြီး ထောင်ကလွတ်လာလို့ ပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ရင် ကျူးလွန်တဲ့ပြစ်မှုအရ ထောင်ဒဏ် နှစ်ဆ၊ သုံးဆတိုးပြီး ပြစ်ဒဏ်ချမှတ်သင့်တယ်"ဟု လူအများက ဝေဖန်ပြစ်တင်ညည်းညူခဲ့ကြသည်။ တရားစီရင်ရေးတာဝန်ရှိကြသူများက ဥပဒေပြဋ္ဌာန်းချက်အရသာ စီရင်ဆုံးဖြတ်ကြရသည်။ ဥပဒေကို မသိသူ၊ နားမလည်သူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နာကြည်းခံပြင်းလွန်းသဖြင့် ပြောဆိုနေကြသည်ကို အပြစ်မဆိုသာသော်လည်း **"ကျွဲပါးစောင်းတီး အချည်းနှီး"**ဖြစ်နေကြသော ဒုစရိုက်သမားများ၊ **"ခွေးမြီးကောက် ကျည်တောက်စွပ်များပမာ"** ဆက်လက်သောင်းကျန်း၊ ရမ်းကားမိုက်ရိုင်း နေကြသူများကိုကား ထိုက်တန်သည့်ပြစ်ဒဏ်ပေးသင့်ကြသည်။ လူသတ်မှုတချို့ကို သေဒဏ်များချမှတ်နေကြသည့်အပြင် သက်ငယ်မုဒိမ်းမှုများကို ထောင်ဒဏ်နှစ် ၂၀ စီချမှတ်ရာ ထိုက်တန်သောပြစ်ဒဏ်များပင် ဖြစ်ကြသည်။ လူကုန်ကူးမှုပြစ်ဒဏ်များကလည်း ထိုက်တန်သောပြစ်ဒဏ်များပင်ဖြစ်ကြသည်။

တချို့ကလည်း **"တင်ငါနားနီး တင်ငါ၊ မဆိုးနားနီး မဆိုး"**ဆိုသလို ထောင်ထဲရောက်သွားတော့မှ ဒုစရိုက်မှုမျိုးစုံကို တတ်မြောက်လာကြလေ့ရှိသည်။ သူခိုးက ဖောက်ထွင်းဝိဇ္ဇာဖြစ်လာကြသည်။ ဓားပြဖြစ်လာကြသည်။ လုယက်သူက သတ်ဖြတ်ရဲလာသည်။ ဓားဖြင့်ခုတ်သတ်သူက သတ်နည်းသတ်ပုံနည်းပညာစုံရလာပြီး တုံးသောလက်နက်(တုတ်ဖြင့်)ရိုက်သတ်သည့်အကျင့်ရလာသည်။ လိမ်ညာတတ်သူက အတင့်ရဲလာပြီး လုယက်ရိုက်နှက်လာသည်။ ကောင်းသောပညာမရကြဘဲ ဆိုးသွမ်းရမ်းကားသော ဒုစရိုက်နည်းလမ်းဆိုးများသာ ရလာကြသည်။

**"လူရိုးလူမိုက်"**ဟူသော စကားရှိသည်။ လူငယ်လူရိုးတစ်ယောက်ကို ထောင်ထွက်လူမိုက်တစ်ယောက်က အနိုင်ကျင့်ခြိမ်းခြောက်ခဲ့သည်။ မခုတ်တတ်သောကြောင်ကလေးကဲ့သို့ ရိုးသားသိမ်မွေ့သူ လူငယ်က ကြောက်လှပါသည်ဟု တောင်းပန်နေသည့်ကြားမှ လူမိုက်က ပို၍ခြိမ်းခြောက်အနိုင်ကျင့်ပါများလာသောအခါ မခံချင်စိတ်ဖြင့် ကြောက်ကန်ကန်ပြီး လက်ဦးမှုရယူကာတုံ့ပြန်လိုက်လေရာ လူမိုက်ဇာတ်သိမ်းသွားခဲ့ရပြီး လူရိုးက လူသတ်တရားခံဘဝ ရောက်သွားခဲ့ရသည်။ ကြောက်ကျွဲခတ်သည့်သဘောပင်ဖြစ်သည်။

လူသတ်မှုဖြင့် ထောင်ဒဏ်ကျခံခဲ့ရပြီး ထောင်မှလွတ်လာတော့ ယခင်ကနှင့်လုံးဝမတူတော့ဘဲ မိုက်သွေးဝင်လာခဲ့သည်။ လူများနှင့် ပတ်ဝန်းကျင်ကလည်း သူ့ကို ထောင်ထွက်ဆိုပြီး ခပ်ခွာခွာနေကြ၊ ရှောင်ဖယ်

❖ "လူရိုးလူမိုက်" ဟူသောစကားရှိသည်။ လူငယ်လူရိုးတစ်ယောက်ကို ထောင်ထွက်လူမိုက်တစ်ယောက်က အနိုင်ကျင့်ခြိမ်းခြောက်ခဲ့သည်။ မခုတ်တတ်သောကြောင်ကလေးကဲ့သို့ ရိုးသားသိမ်မွေ့သူ လူငယ်က ကြောက်လှပါသည်ဟုတောင်းပန်နေသည့်ကြားမှ လူမိုက်က ပို၍ခြိမ်းခြောက်အနိုင်ကျင့်ပါများလာသောအခါ မခံချင်စိတ်ဖြင့် ကြောက်ကန်ကန်ပြီး လက်ဦးမှုရယူကာတုံ့ပြန်လိုက်လေရာ လူမိုက်ဇာတ်သိမ်းသွားခဲ့ရပြီး လူရိုးက လူသတ်တရားခံဘဝ ရောက်သွားခဲ့ရသည်။ ကြောက်ကျွဲခတ်သည့်သဘောပင်ဖြစ်သည်။ ❖

ဖယ်လုပ်ကြ၊ ကြဉ်ပယ်သလိုပြုမူလာခဲ့ကြသည်။ သည်တော့ ထောင်ထွက်လူငယ်သည် အဖော်မဲ့တစ်ဦးတည်းဖြစ်လာသောအခါ ပတ်ဝန်းကျင်ကို နာကြည်းလာပြီး "မထူးတော့ပါဘူး၊ ထောင်ထွက်လူမိုက်လုပ်စားတာပဲ ကောင်းတယ်"ဟု ကြုံးဝါးကာ မထူးဇာတ်ခင်းပါတော့သည်။ လူရိုးဘဝမှ လူမိုက်ဘဝသို့ ရောက်သွားပါတော့သည်။

သို့သော် လူမိုက်တစ်ယောက်သည် ဘယ်လောက်ပဲ မိုက်မိုက်၊ အဆုံးစွန်ကမ်းလွန်အောင်ပဲမိုက်မိုက် **"ခွေးရူးကောင်းစားတစ်မှုန်းတည်း"**ဆိုသလိုပဲ ကြာရှည်စံစားရရိုးထုံးစံမရှိဘဲ တစ်ပြန်တစ်လှည့်အသတ်ခံရကာ အသေဆိုးနှင့် သေဆုံးကြရလေ့ရှိသည်။ လူရိုးဘဝမှ လူမိုက်ဘဝသို့ရောက်သွားသော လူငယ်သည် သူ့လို လူငယ်လူမိုက်မျိုး၏အသတ်ကို ခံခဲ့ရသည်။ ဝဋ်လည်ခြင်း၊ ကြမ္မာရဟတ်တစ်ပတ်လည်ခြင်းပင်ဖြစ်သည်။

ပတ်ဝန်းကျင်ရှိ လူ့အသိုင်းအဝိုင်းအနေဖြင့် ထောင်ထွက်တိုင်းကို မရှုတ်ချကြရန်၊ ကြဉ်ဖယ်မထားကြရန်၊ အထင်မသေးကြရန်လိုသည်။ "ဩော် . . . သူခမျာ၊ မလွှဲသာလို့သာ ထောင်ကျသွားရတာပါ။ အခုတော့ ပြစ်မှုကြွေးကို ချေးနဲ့ဆေးကြောပြီးလို့အပြစ်မရှိတော့ပါဘူး။ တို့လို ဘဝတူလူသားတွေပါလား"ဟု စာနာစိတ်ကိုယ်စီထားကြပြီး နွေးထွေးစွာဆက်ဆံကြသင့်သည်။ သူတို့ကို ကြင်နာနွေးထွေးစွာဆက်ဆံကြပါက သူတို့ကလည်း စိတ်ရိုင်းမဝင်ကြတော့ဘဲ ဆင်ခြင်ယဉ်ပါး နောင်တအမြင်နှင့် ပတ်ဝန်းကျင်ကိုတုံ့ပြန်လာကြပေလိမ့်မည်။

ရန်ကုန်မြို့နယ်ထဲရှိ တစ်မြို့နယ်တွင် ကြေးစားလူသတ်သမားတစ်ဦးရှိခဲ့သည်။ မိုက်ဂုဏ်ပြပြီး ကြီးစိုးမင်းမူနေခဲ့သည်။ သူက မိုက်လက်စနှင့်မထူးဇာတ်ခင်းပြီး မိုက်နေခဲ့သော်လည်း ကောင်းကောင်းမအိပ်ရ၊ ကောင်းကောင်းမစားရ၊ ကောင်းကောင်းမနေရ၊ လုံးဝလွတ်လပ်စွာမနေရဲဘဲ ဘဝအမှောင်ထဲမှာပဲ ခိုးကြောင်ခိုးဝှက်နေခဲ့ရသည်။ ထို့ကြောင့် သူ့ညီကို သူ့လိုမမိုက်ရန်၊ လူမိုက်များကို မပေါင်းသင်းဘဲ ရှောင်ကြဉ်ရန် အမြဲတမ်းဆုံးမနေခဲ့သည်။ နေအိမ်တွင် ညီအစ်ကို နှစ်ယောက် စားသတိ၊ အိပ်သတိ အမြဲရှိနေခဲ့ကြသည်။ ထိုသို့ အမြဲသတိရှိနေသည့်ကြားမှ တစ်နေ့တွင် သူ့ညီဖြစ်သူ အပြင်သို့ခဏထွက်သွားချိန် အစ်ကိုဖြစ်သူ လူမိုက် မရှုမလှအသတ်ခံလိုက်ရသည်။

ထောင်ထဲတွင်(တန်းစီး) အဆောင်ခေါင်းဆောင်ဖြစ်နေသော လူမိုက်ကြီးတစ်ဦးသည် ထောင်တွင်းမှာရော၊ ထောင်ပြင်မှာပါ လူမိုက်တပည့်များက ဝန်းရံပေးနေခဲ့ကြသည်။ ထိုတန်းစီးလူမိုက်ကြီးက အခြားနယ်မှ လူမိုက်တစ်ဦးကို ကြမ်းတိုက်ခိုင်းရင်း နှိပ်စက်ညှဉ်းပန်းခဲ့သည်။ ထောင်မှလွတ်မြောက်လာကြပြီး မမျှော်လင့်သောတစ်နေ့ ညသန်းခေါင်ကျော်တွင် အိပ်ခန်းတစ်ခန်းမှဆင်းလာသော တန်းစီးလူမိုက်ကြီးကို ထောင်ထဲတွင် အုပ်စုအားကိုးကြောင့် အနိုပ်စက်ခံခဲ့ရသောလူမိုက်က ကလဲ့စားချေသည့်အနေဖြင့် အသေသတ်ခဲ့သည်။ ထိုလူမိုက်ကိုလည်း ပြန်လည်ဖမ်းဆီးရမိခဲ့သည်။ မှုခင်းဂျာနယ်များတွင် ထိတ်လန့်တုန်လှုပ်စေသော မှုခင်းသတင်းဖြစ်ခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် တော်လှပါသည်၊ တတ်လှပါသည်၊ ငါလိုလူကို ဘယ်လိုလူက ရန်မူဝံ့သနည်း၊ ငါ့မှာ ခနအင်အား၊ ဆွေမျိုး၊ တပည့်အင်အားအဝန်းအဝိုင်းအပြည့်ရှိသည်ဟု ကိုယ့်ကိုယ်ကိုယ်ဘဝင်မြင့် စိတ်ကြီးဝင်နေကြသူ အတ္တရှူးများကို **"ရေအထွက်အဝင်မရှိ အောင်ကျွမ်းကျင်လှပါသည်ဆိုသော သိုင်းသမားသည်၊ လေအထွက်အဝင်နှင့်မကင်း"**ဟူသော ဆရာတက္ကသိုလ်ဘုန်းနိုင်က သတိပေးခဲ့သလို ရန်ငြိုးရန်စများကြောင့် မည်သို့ပင် သတိထားနေကြစေကာမူ တစ်ချက်ကလေး သတိလစ်သွားသည်နှင့်တစ်ပြိုင်နက် အသက်ပေးလိုက်ကြရသည့် မှုခင်းဖြစ်ရပ်မှန်များ၊ ဘဝပျက်ကျဆုံးသွားကြသည်များ များစွာရှိခဲ့သည်။

အချို့လူသတ်မှုများဆိုလျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အာဃာတ၊ အငြိုးအတေး၊ နာကြည်းခံပြင်းစိတ်များနှင့် အပြန်အလှန်ကလဲ့စားချေသည့်သဘောဖြင့် သတ်ဖြတ်နေကြခြင်းဖြစ်သည်။ လူတာလ အန္ဓစိတ်များဝင်ပြီး စဉ်းစားဆင်ခြင်နိုင်မှုမရှိကြတော့ဘဲ ဆင်ကန်းတောတိုး၊ ဆိုးသွမ်းရမ်းကားနေကြခြင်းဖြစ်သည်။ ဟီရိဩတ္တပ္ပ အရှက်အကြောက်တရားကင်းမဲ့စွာ အမှားသံသရာလည်နေကြခြင်းဖြစ်သည်။ မှုခင်းဗဟုသုတလည်းမရှိ၊ အသိတရားကလည်း နတ္ထိ။ အမြင်မကျယ်တော့ အသိမကြွယ်။ အသိမကြွယ်တော့ မိုက်တာလွယ်ပါတယ်ဖြစ်နေကြသည်။ သည်တော့ ဘာဖြစ်သလဲ။ ဥပဒေစက်ကွင်းထဲရောက်သွားပြီး ဥပဒေ၏သားကောင်များ ဖြစ်သွားကြပါတော့သည်။ ကရွတ်ကင်းလျှောက် မပြီးဆုံးနိုင်ကြတော့ဘဲ အမှားသံသရာ၊ ဒုစရိုက်နယ်ပယ်ထဲမှာ တဝဲလည်လည်နှင့် ဘဝနိဂုံးအဆုံးသတ်သွားကြရလေ့ရှိသည်။

အာဃာတအငြိုးအတေးထားခဲ့သဖြင့် သံသရာခရီးတွင် မပြီးဆုံးကြဘဲ ရှည်လျားထွေပြားစွာ ခံစားခဲ့ကြရသော သာဓကပေါင်းများစွာရှိခဲ့သည်။ ဓမ္မပဒပါဠိတော်တွင်ပါရှိသည့် **"ကာဠယက္ခနီဘီလူးမ"**မြတ်ဗုဒ္ဓနှင့်တွေ့ပြီး အကျွတ်တရားရသွားခဲ့သော သာဓကရှိခဲ့သည်။

ပုဏ္ဏားလုလင်တစ်ယောက်က အမြုံဖြစ်နေသော မယားကြီး၏ သဘောတူညီချက်ဖြင့် ဒုတိယမိန်းမတစ်ယောက်ထပ်ယူခဲ့သည်။ ထိုမိန်းမမှာ ကိုယ်ဝန်ရှိလာသောအခါ မယားကြီးက ကိုယ်ဝန်ပျက်ကျအောင် အဆိပ်ခတ်လုပ်ကြံခဲ့သည်။ ဒုတိယအကြိမ်လုပ်ကြံပြီး တတိယအကြိမ် ကိုယ်ဝန်ပျက်ကျအောင် အဆိပ်ခတ်ပြန်ရာ အဆိပ်များသွားသဖြင့် ဒုတိယမိန်းမသေဆုံးခဲ့သည်။ သေဆုံးသွားသောမိန်းမက မယားကြီး၏လုပ်ကြံမှုကိုသိသွားခဲ့ပြီး ဖြစ်လေရာဘဝမှာ လက်စားချေရပါလို၏ဟု ရန်ငြိုးဖွဲ့ကျိန်ဆိုခဲ့သည်။

ဒုတိယမိန်းမသေဆုံးသွားသောအခါ ထိုအိမ်မှာ ကြောင်မဖြစ်လာခဲ့သည်။ မယားကြီးလုပ်ကြံ၍ ဒုတိယမိန်းမသေဆုံးရသည်ကို သိသွားသော ပုဏ္ဏားလုလင်က မယားကြီးကို စိတ်ဆိုးပြီးသတ်ခဲ့ရာ ထိုအိမ်မှာပင် ကြက်မဖြစ်သွားခဲ့သည်။ ကြက်မ၏ ကြက်ဥများကို ကြောင်မက အမြဲတမ်းစား။ တစ်ဖန်ကြက်မက ဆုတောင်း။ သေတော့ကျားသစ်မဖြစ်လာ။ ကြောင်မကသေတော့ သမင်မဖြစ်လာ။ သမင်မမွေးသမျှ ကျားသစ်မက စား၊ (သမင်မွေးရင်း ကျားစားရင်း စကားပုံဖြစ်ပေါ်လာ)သမင်မက ဘီလူးမဖြစ်လာ။ ကျားသစ်မက လူမိန်းကလေးဖြစ်လာ။ လူမိန်းကလေးက ကလေးမွေးတိုင်း ဘီလူးမက မရအရယူပြီးစားလေ့ရှိ၊ လူမိန်းကလေးက နောက်ဆုံးမွေးသည့်ကလေးကိုပွေ့ပိုက်ပြီး မြတ်ဗုဒ္ဓရှေ့အရောက်ပြေး။ ဘီလူးမကလည်း ထက်ကြပ်မကွာလိုက်ပါလာ။ ဘုရားရှင်က သူတို့အကြောင်းသိတော်မူ။ ရန်ကိုရန်ချင်း မတုံ့နှင်းရန် တရားဟော။ နှစ်ဦးစလုံးအကျွတ်တရားရသွားကြပြီး မိတ်ဆွေဖြစ်သွားကြ။ သူတော်ကောင်းဖြစ်သွားသည့် **"ကာဠယက္ခနီဘီလူးမ"**ကို လူမိန်းမက သူ့အိမ်နှင့် မနီးမဝေးတောထဲမှာစောင့်ရှောက်ထားခဲ့။ ဘီလူးမကလည်း ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မြေဩဇာကောင်း၊ မိုးလေဝသကောင်းအောင်ညွှန်ပြပြီး စိုက်ပျိုးရေးအတွက်အထောက်အကူပြုခဲ့။ ထို့ကြောင့် တစ်ရွာလုံးတစ်နယ်လုံးက ပူဇော်ပသလာခဲ့ကြ။ နှစ်ကာလရှည်ကြာလာသောအခါ တောင်သူလယ်သမားများနှင့် ထန်းသမားများက နှစ်စဉ်တပေါင်းလဆန်းတိုင်း **"မုန်းမကြည်မ၊ အရှင်မ"** ဟု ခေါ်ဆိုတင်မြှောက်ပသလာခဲ့ကြသည်။

ဗုဒ္ဓဝင်ရာဇဝင်မှာ အာဃာတရန်ငြိုးဖွဲ့ကျိန်ဆိုမှုကလဲ့စားချေလိုသောဆုတောင်းမှုများကြောင့် သူတစ်ပြန်၊ ကိုယ်တစ်ပြန် အပြန်အလှန်သတ်ဖြတ်ခဲ့ကြသည့် ထင်ရှားသောသာဓကများရှိခဲ့ရာ မြတ်ဗုဒ္ဓ၏ယောက်ဖတော် ဒေဝဒတ်သည် ရွဲကုန်သည်ဘဝက ရန်ငြိုးထားခဲ့သဖြင့် ဒေဝဒတ်ဘဝတွင် မြေမျိုအဝီစိငရဲသို့ရောက်ခဲ့ရသည်။ မွန်ဘုရင်ဓမ္မစေတီမင်းသည် သားတော်မင်းရဲကျော်စွာကို သတ်ခဲ့သဖြင့် သားတော်က ရန်ငြိုးဖွဲ့ဆုတောင်းခဲ့ရာ နောင်ဘဝတွင် တပင်ရွှေထီးမင်းဖြစ်လာပြီး ပြန်လည်သတ်ဖြတ်ခြင်းခံခဲ့ရသည်။ မွန်ဘုရင်ရာဇာဓိရာဇ်သည် သားတော်ဗောလောကျွန်းတောကို အပြစ်မရှိဘဲသတ်ခဲ့သဖြင့် ဗောလောကျွန်းတောက နောက်ဘဝတွင် အင်းဝဘုရင်မင်းခေါင်၏သား မင်းရဲကျော်စွာဘဝတွင် သူ့ဖခင်ကို ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခဲ့သည်။ သူလည်း တိုက်ပွဲမှာကျဆုံးခဲ့သည်။ ဖခင်ကိုသတ်ခဲ့သော အဇာတသတ်သည် သူ့သားကသတ်၍ သေဆုံးခဲ့သကဲ့သို့ သူ့သားကိုလည်း သူ့မြေးကသတ်၊ သူ့မြေးကိုလည်း သူ့မြစ်ကသတ် သံသရာလည်နေခဲ့သည်။ **"အကြောင်းရှိလို့ အကျိုးဖြစ်တယ်"**ဟူသော ဆိုစကားရှိသည်။ ဥပဒေမဲ့လုပ်ရပ်မှန်သမျှ ဥပဒေ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ဖျာပုံမြို့နယ်တွင် အုန်းသီးအလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**ဖျာပုံ ဩဂုတ် ၃၁**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ဒေသထွက်အုန်းသီးများ ဝယ်လိုအားကောင်းပြီး အုန်းသီးအလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့်ဇူလိုင်လအတွင်းက အုန်းသီးအလုံး ၁၀၀ လျှင် ငွေကျပ် ၄၆၀၀၀ သာ ဈေးရှိခဲ့ပြီး ဩဂုတ်လဒုတိယပတ်မှစ၍ တဖြည်းဖြည်းဈေးတက်လာကာ အုန်းသီးအလုံး ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါအုန်းသီးများကို ရန်ကုန်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့နေရခြင်းကြောင့် ဈေးကောင်း ရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်မှာ စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အုန်းသီးစိုက်ပျိုးတဲ့လုပ်ငန်းကိုလဲ လုပ်ကိုင်ကြတယ်။ ဩဂုတ်လဒုတိယပတ်လောက်ကစပြီး အုန်းသီးဈေးတက်လာပါတယ်။ အခု အုန်းသီးအလုံး ၁၀၀ ကို ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ အုန်းသီးဝယ်လိုအားကောင်းလာသလို ဈေးကောင်းလဲ ရရှိနေပါတယ်။ ဒေသထွက်အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုအဓိကတင်ပို့တာဖြစ်ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကိုတင်ပို့ရောင်းချပါတယ်"ဟု ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို ရန်ကုန်မြို့သို့ ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးသူတောင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ဘောင်အတွင်း သက်ဆင်းကြရလေ့ရှိသည်။ ထိုက်တန်သည့်ပြစ်ဒဏ်ကို ကျခံရစမြဲဖြစ်သည်။ ဘာပဲလုပ်လုပ် စိတ်ကောင်းစေတနာကောင်းရှိကြရန်၊ စာနာညှာတာထောက်ထားကြရန်၊ တရားမျှတမှုရှိကြရန် အထူးပင် လိုအပ်လှသည်။ နေရာတကာ၌ ဗိုလ်ကျစိုးမိုးချင်ကြခြင်း၊ အများအကျိုးပရထက် ကိုယ့်အကျိုးအတ္တကို ရှေ့တန်းတင်နေကြခြင်း၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော ငါတကောကောနေကြခြင်း၊ မျက်ကန်းတစ္ဆေမကြောက်၊ ဆင်ကန်းတောတိုး၊ ဆိုးသွမ်းရမ်းကားနေကြခြင်း စသည့်စရိုက်လက္ခဏာများသည် **"လူရိုးလူကောင်းများ၏ စရိုက်လက္ခဏာများ"**မဟုတ်ကြပေ။

ထို့ကြောင့် လူရိုးလူကောင်းများကိုသာ ရွေးချယ်ပေါင်းသင်းကြပြီး လူဆိုးလူမိုက်များနှင့် လူယုတ်မာများကို ဝေးဝေးကရှောင်ကြဉ်ကြရန်ဖြစ်သည်။ **"လောကသာရပျို့"**မှာ **"စီးပွားမဖြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍၊ ရှောင်လွှဲဖယ်ကြဉ်နိုင်စေမင်း"** ဟု သတိပေးထားသည်။

ထို့ပြင် **"မဃဒေဝလင်္ကာ"**မှာလည်း **"သူမိုက်ပေါင်ကို၊ ကြဉ်ရှောင်စွာကင်း၊ မပေါင်းသင်းနှင့်၊ ယင်းသည့်လူမျိုး၊ သနွေဆိုးကား၊ တရိုးတစိ၊ ပညာရှိလည်း၊ မသိအလိုက်၊ စရိုက်ဆိုးကျူး၊ ပညာရူးတည့်၊ ကျေးရူးမဲ့လျှင်း၊ ပညာကင်း၏"**ဟုဆိုထားပြီး **"သုတရတနာဆုံးမစာ"**မှာလည်း **"လူယုတ်လူမိုက်ဒုစရိုက်၊ နှစ်မြိုက်စုံမက်စင်။ ပမာပုံထုတ်၊ တူစွာတုတ်၊ အဟုတ် ယင်မည်းစင်၊ အပုပ်ဒုစရိုက်၊ လူမိုက်ယင်မည်း၊ ပမာတွဲ၊ မလွဲတူသည်ပင်"**ဟုလည်း ဆုံးမထားသည်။

လူမိုက်များက ထင်သာမြင်သာမိုက်ကြသော်လည်း လူယုတ်မာများက ကျိတ်ကြံပြီး ယုတ်မာပက်စက်ကြလေ့ရှိရာ လူမိုက်များထက်လူယုတ်မာများက ပို၍ကြောက်စရာကောင်းလှသည်။ အနီးကပ်ပူးသတ်သည့်သဘောမျိုး နောက်ကျောကို ဓားဖြင့်ထိုးနေကြသူများ၊ မိတ်ဆွေတုမိတ်ဆွေယောင်များ၊ အရိပ်နေနေအခက်ချိုးသူများ၊ ကျွေးသောလက်ကို ပြန်ကိုက်ကြသူများ၊ ကျေးဇူးရှင်များကို ကျေးစွပ်နေကြသူများ၊ စားသောက်စရာများထဲ ဆိုးဆေးများထည့်ရောင်းချသူများ၊ စံမမီဆေးဝါးထုတ်လုပ်ရောင်းချကြသူများ၊ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားကာ အမြတ်တင်ပြီး လောဘမီးတောက်လောင်နေကြသည့် ကုန်သည်ပွဲစား ငွေရှင်ကြေးရှင်များ၊ ပွဲလန့်တုန်းဖျာခင်းသဘောမျိုး အတ္တ၊ လောဘနှင့် မောဟထူနေကြသူများ၊ ဆေးခြောက်နှင့် မူးယစ်ဆေးဝါးများပစ်ပြီး ချောက်တွန်းဖမ်းဆီးစေခဲ့သူများ၊ လုပ်ကြံလီဆယ်တိုင်ကြားကြသူများ စသည့်ကောက်ကျစ်စဉ်းလဲမှုများအပါအဝင် မိခင်၊ သမီး၊ နှမချင်းမစာနာကြဘဲ စော်ကားကြသူများ၊ လူကုန်ကူးကြသူများသည် ယုတ်ညံ့သူများဖြစ်ကြသည်။

ထို့ကြောင့် **"လုံးတော်ဩဝါဒ"**မှာ **"ကင်း၊ ပုစွန်၊ ကင်းမြီးကောက်၊ မြွေဟောက်၊ မြွေပွေးတို့၏ အဆိပ်ကား၊ အမြီးဖျားတွင်သာ။ သူယုတ်မာတို့အဆိပ်မှာ တစ်ကိုယ်လုံးနှံ့သဖြင့်၊ ပျံ့၍တည်ရာသည်"**ဟု ဆုံးမဩဝါဒပေးထားသည်။ **"မှားတတ်တာက လူပါ။ မှားမှန်းမသိတာက လူညံ့။ သိရက်နဲ့ဆက်မှားနေတာကလူမိုက်။ မှားဖို့ပဲကြိုးစားနေသူက လူယုတ်မာ"** ဟု စံတော်ချိန်သတင်းစာတွင် ကာတွန်းဆရာကသရော်ထားရာ လက်တွေ့ဖြစ်ရပ်များနှင့်တိုက်ဆိုင်နေသဖြင့် လူအများတော်တော်သဘောကျခဲ့ကြသည်။

**"လူမိုက်သည်၊ လူလိမ္မာကိုနိုင်၏။ သို့သော် အကုသိုလ်ကိုမနိုင်နိုင်"** ဟူသောစကားလည်းရှိ၏။ **"ကိုယ်ပြုသည့်ကံ၊ ကိုယ့်ထံပြန်လာတယ်"** ဟူသော တရားဓမ္မအရ သူတို့ကျူးလွန်ခဲ့ကြသည့် အကုသိုလ်ကံသုံးပါးက အနေးနှင့်အမြန် သူတို့ထံ တုံ့ပြန်ကြလေ့ရှိသည်။

အချုပ်ဆိုရလျှင် လူရိုးလူကောင်းများက လူမိုက်လူယုတ်မာများကို ဝေးဝေးကရှောင်ရှားကြရန်နှင့် လုံးဝထိတွေ့ပေါင်းသင်းဆက်ဆံခြင်းမပြုကြရန် အထူးပင်လိုအပ်လှသည်။ မလွှဲမရှောင်သာ၍ ဆုံတွေ့ကြပါကလည်း အသိ၊ သတိဖြင့် ပြောဆိုဆက်ဆံကြကာ ပညာသားပါပါလျှင်မြန်စွာရှောင်ခွာကြစေချင်သည်။ သို့မှသာ **"ဘေးကင်းရန်ကွာ၊ စိတ်ချမ်းသာကြရ"**ပေမည်။

## မင်္ဂလာသီချင်းလေးနဲ့ လမ်းလျှောက်ကြမယ်

\- လျှောက်နိုင်တယ် လျှောက်နိုင်ပေ့
မွေ့ခဲ့တဲ့ စကားသံ၊
ငယ်စဉ်ခါ သည်အသံတို့
စည်ညံခဲ့ဟန်၊
ချစ်ဖေနှင့် ချစ်မေအသံ
စိတ်ယံမှာ ရှိနေမြဲ၊
ဘယ်ယိမ်းကာ ညာနွဲ့လို့
တည့်ခဲ့သည်ပဲ။

\- ထိုမှစ လမ်းကိုလျှောက်
တောက်လျှောက်ပေါ့ ဘဝမှာ၊
မနားနေ မနေနား
သွားရသည်သာ၊
ဖိနပ်ပါး ခြေတိုကာ
နေခိုကာ နေချင်လည်း၊
သည်စခန်းဟာ သည်ပန်းနှင့်မို့
လှမ်းရသည်ပဲ။

\- ခုခါက ကျန်းမာရေး
လမ်းလေးက လျှောက်ဖို့ရန်၊
ဆရာဝန် တိုက်ကာတွန်း
ညွှန်းဆိုနေပြန်၊
ကျန်းမာဖို့ လမ်းလျှောက်ရန်
ဖန်ဖန်ကို ပြောကာကြား၊
သက်ရှည်ရယ် ဘယ်မရွေး
လမ်းလေးလျှောက်ထား တဲ့။

\- လမ်းလျှောက်တာ ကျန်းမာရေး
အလေးပေး ဖြစ်စဉ်ပါတဲ့၊
ဆေးရုံ ဆေးပေးခန်း
မလှမ်းဖို့ရာတဲ့၊
လျှောက်ကြစို့ မပျင်းသာ
ရှေးကလည်း လျှောက်ခဲ့ကြ၊
သည်တစ်ခါ လျှောက်ကာလှမ်းတာ
ကျန်းမာရေးဗျူ တဲ့။

\- ဘဝဟာ လမ်းလျှောက်ခြင်းနှင့်
ရင်းနှီးစွ အတူနေ၊
ကျန်းမာခြင်းဟာ လာဘ်တစ်ပါးမို့
အနားရှိရင်လေ၊
သက်ရှည်လို့ နာကင်းပေ
ဝေဒနာတွေ ဝေးကွာရှင်း၊
လောကဟာ သာယာခြင်းတွေက
ပြောပြစရာ မင်္ဂလာသီချင်းတွေနှင့်
ဝင်းပလေခြင်း။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## ဖိလစ်ပိုင်အထည်ချုပ်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား၊ လူ ၁၅ ဦးသေဆုံး

**မနီလာ ဩဂုတ် ၃၁**

ဖိလစ်ပိုင်နိုင်ငံ ကွီဇွန်မြို့တော် ဆင်ခြေဖုံးဒေသရှိ အထည်ချုပ်စက်ရုံငယ်တစ်ခု၌ ယနေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၅ ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

သေဆုံးသူအများစုမှာ စက်ရုံမီးလောင်မှုဖြစ်ပွားချိန်တွင် စက်ရုံအတွင်းအိပ်စက်နေကြသည့်အလုပ်သမားများနှင့် လက်သမားများဖြစ်ကြကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အထည်ချုပ်စက်ရုံ မီးလောင်ကျွမ်းမှုကို နှစ်နာရီအတွင်းထိန်းချုပ်နိုင်ခဲ့ကြောင်း ကွီဇွန်မြို့တော်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့သော် မိုးလေပြင်းထန်မှု၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် လိပ်စာများယွင်းမှုတို့ကြောင့် မီးသတ်သမားများမှာ မီးလောင်ရာသို့ချက်ချင်းရောက်မလာနိုင်ခဲ့ဘဲ ၁၄ မိနစ်မျှ ကြန့်ကြာခဲ့ရသည်။

အထည်ချုပ်စက်ရုံ မီးလောင်ကျွမ်းမှုအတွင်း ဒုတိယထပ်မှခုန်ချထွက်ပြေးရန်ကြိုးစားသူ သုံးဦး ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့၏ မီးလောင်မှုကို တုံ့ပြန်ပုံနှောင့်နှေးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဖိလစ်ပိုင်တာဝန်ရှိသူများက စီစဉ်ထားကြောင်း သိရသည်။ KKO

## တရုတ်နှင့်အမေရိကန် နှစ်နိုင်ငံစစ်ဘက်ထိတွေ့ဆက်ဆံမှုများ ရပ်တန့်ပေးခြင်းမရှိကြောင်း တရုတ်နိုင်ငံ ပြောကြား





**ပေကျင်း ဩဂုတ် ၃၁**

တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံ စစ်ဘက်ထိတွေ့ ဆက်ဆံမှုများ ရပ်တန့်ပေးခြင်းမရှိကြောင်းတရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါတုံ့ပြန်ချက် ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံ စစ်ဘက်ထိတွေ့ဆက်ဆံမှုများ ရပ်ဆိုင်းသေးခြင်းမရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အပတ်စဉ်သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးတွင် အခက်အခဲပြဿနာအများအပြားကျန်နေဆဲဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယခုနှစ်ဇွန်လအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် လုံခြုံရေးဖိုရမ်တစ်ခု၌ အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် တရုတ် ကာကွယ်ရေးဝန်ကြီး လီရှန်ဖူးတို့ကြား တွေ့ဆုံဆွေးနွေးရန် အမေရိကန်အစိုးရက မေတ္တာရပ်ခံခဲ့သော်လည်း ယင်းမေတ္တာရပ်ခံချက်ကို တရုတ်နိုင်ငံက ငြင်းပယ်ခဲ့သည်။

မဟာအင်အားကြီးနိုင်ငံနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ တရုတ်(တိုင်ပေ)ပြဿနာနှင့်တောင်တရုတ်ပင်လယ်ဒေသ ပြဿနာ အပါအဝင် ပြဿနာအမျိုးမျိုးကြောင့် ဆက်ဆံရေးတင်းမာလျက်ရှိကြောင်း သိရသည်။

KKO

## ရေငုပ်သင်္ဘောချေမှုန်းရေး လေ့ကျင့်မှုများ တောင်တရုတ်ပင်လယ်၌ တရုတ်နိုင်ငံပြုလုပ်

**ပေကျင်း ဩဂုတ် ၃၁**

မဟာဗျူဟာအရ အရေးကြီးသော တောင်တရုတ်ပင်လယ်ဒေသ၌ ရေငုပ်သင်္ဘော ချေမှုန်းရေး လေ့ကျင့်မှုများကို တရုတ်နိုင်ငံက ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ လေ့ကျင့်မှုအတွင်း ရေငုပ်သင်္ဘော ရှာဖွေချေမှုန်းရေးကင်းလှည့်လေယာဉ်များသည် နာရီ ၄၀ ကျော်ကြာ ပျံသန်းခဲ့ကြကြောင်း တရုတ်စစ်ဘက်၏ကြေညာချက်၌ ဖော်ပြထားသည်။

သို့သော် ရေငုပ်သင်္ဘောချေမှုန်းမှုစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ရာ နေရာအတိအကျကို တရုတ်စစ်ဘက်က ထုတ်ပြောခြင်းမရှိခဲ့သလို ယင်းနယ်မြေအတွင်း ပြည်ပရေငုပ်သင်္ဘောများရှိ၊ မရှိကိုလည်း အတည်ပြုပြောကြားထားခြင်းမရှိကြောင်း သိရသည်။

အိမ်နီးချင်းနိုင်ငံများ၊ ၎င်းတို့၏ မဟာမိတ်များနှင့် တရုတ်နိုင်ငံတို့ကြား တောင်တရုတ်ပင်လယ်ဒေသ၌ တင်းမာမှုများ မြင့်တက်နေစဉ် တရုတ်နိုင်ငံက ရေငုပ်သင်္ဘော ချေမှုန်းရေး လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တောင်တရုတ် ပင်လယ်ဒေသ တစ်ခုလုံးနီးပါးကို တရုတ်နိုင်ငံက ပိုင်ဆိုင်ခွင့်တောင်းဆိုထားချိန်တွင် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများကလည်း ယင်းရေပြင်ဒေသတစ်စိတ်တစ်ပိုင်းကို ပိုင်ဆိုင်ခွင့်ရရန် တောင်းဆိုထားသည်။

ထို့အတူ အမေရိကန်နိုင်ငံနှင့် မဟာမိတ်များကလည်း တောင်တရုတ်ပင်လယ်ဒေသ၌ စစ်ရေးလှုပ်ရှားမှုများ မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ KKO



## ဈူကလီးယားတိုက်ခိုက်မှုပုံစံတူစစ်ရေးလေ့ကျင့်မှု မြောက်ကိုရီးယားပြုလုပ်

**ပြုံယမ်း ဩဂုတ် ၃၁**

အမေရိကန်၊ တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားပစ်မှတ်များအား ဈူကလီးယားလက်နက်ဖြင့် တိုက်ခိုက်မှုပုံစံတူ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဈူကလီးယားတိုက်ခိုက်မှုပုံစံတူ စစ်ရေးလေ့ကျင့်မှုများကို ဩဂုတ် ၃၀ ရက် ညပိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။



တောင်ကိုရီးယား စစ်ဘက်၏အဆိုအရ မြောက်ကိုရီးယားနိုင်ငံသည် ဩဂုတ် ၃၀ ရက် ညပိုင်းတွင် တာတိုပစ်ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်ကမ်းလွန်၌ ပြုလုပ်နေသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများအတွက် အမေရိကန်နိုင်ငံက ဘီ-၁ဘီ အမျိုးအစားဗုံးကြဲလေယာဉ်များဖြန့်ကြက်ခဲ့ပြီး နာရီအနည်းငယ်အကြာမှာပင် မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံက ဒုံးကျည်များ ပစ်လွှတ်ခဲ့ပြီးနောက် တောင်ကိုရီးယားသမ္မတရုံး လုံခြုံရေးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ထို့အတူ မြောက်ကိုရီးယား၏ ဩဂုတ် ၃၀ ရက် ဒုံးကျည်ပစ်လွှတ်မှုများကို ဒေသတွင်းတည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေးကိုထိခိုက်စေသည့်လုပ်ရပ်အဖြစ် ဂျပန်အစိုးရကဝေဖန်ထားကြောင်း သိရသည်။

KKO

## တောင်ကိုရီးယား အတိုက်အခံခေါင်းဆောင် လီဂျေးမြောင် လက်ရှိအစိုးရမူဝါဒများကို အစာငတ်ခံဆန္ဒပြ

**ဆိုးလ် ဩဂုတ် ၃၁**

တောင်ကိုရီးယားနိုင်ငံ၏အဓိကအတိုက်အခံပါတီကြီး ဖြစ်သည့် ကိုရီးယား ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် လီဂျေးမြောင်သည် လက်ရှိအစိုးရ၏ မူဝါဒများကို ဆန္ဒပြသည့်အနေဖြင့် ယနေ့တွင် တစ်ကိုယ်တော်အစာငတ်ခံဆန္ဒပြပွဲ စတင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အစာငတ်ခံ ဆန္ဒပြပွဲသည် ဖူကူရှီးမား ဈူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ရေဆိုးစွန့်ထုတ်မှုပြဿနာဆိုင်ရာ မူဝါဒအပါအဝင် လက်ရှိအစိုးရ၏ မူဝါဒများကို ကန့်ကွက်သည့်အနေဖြင့် အတိုက်အခံခေါင်းဆောင် လီဂျေးမြောင်က အစာငတ်ခံဆန္ဒပြပွဲ စတင်ခဲ့ခြင်းဖြစ်သည်။

အစာငတ်ခံ ဆန္ဒပြပွဲသည် မည်မျှထိကြာမြင့်မည်ကို လီဂျေးမြောင်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံရေးသမားများသည် ၎င်းတို့၏ရပ်တည်ချက်ကို အများအာရုံစိုက်လာရေးအတွက် အစာငတ်ခံဆန္ဒပြမှုများ ပြုလုပ်တတ်သည်။

သို့သော် ကိုရီးယားဒီမိုကရက်တစ်ပါတီခေါင်းဆောင်လီဂျေးမြောင်ကဲ့သို့ အဓိက အတိုက်အခံခေါင်းဆောင်တစ်ဦးက အစာငတ်ခံဆန္ဒပြခြင်းမှာ ရှားပါးသည့်ဖြစ်စဉ်မျိုးဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ လက်ရှိသမ္မတ ယွန်းဆွတ်ယိုးမှာ လက်ရှိအချိန်တွင် ပြည်သူ့ထောက်ခံမှုနှုန်းကျဆင်းလာမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဘန်နူးဂြိုဟ်သိမ်နမူနာကျောက်သားများ ရယူရေးလုပ်ငန်းစဉ်အတွက် ပြင်ဆင်မှုများ နာဆာ အပြီးသတ်နေပြီဖြစ်



**ဝါရှင်တန် ဩဂုတ် ၃၁**

ဘန်နူးဂြိုဟ်သိမ် နမူနာကျောက်သားများ စောင့်ဆိုင်းရယူရေးလုပ်ငန်းစဉ်အတွက် ပြင်ဆင်မှုများကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က အပြီးသတ်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာ၏ အောစီးရစ်ရက်စ် အာကာသစခန်းသည် ဘန်နူးဂြိုဟ်သိမ်မှရယူထားသည့် ကျောက်သားနမူနာများသည် ဖွဲ့ထားသည့် အလုံပိတ်ပြွန်ကို စက်တင်ဘာလအတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပစ်လွှတ်ပေးမည်ဖြစ်သည်။

သို့ဖြစ်ရာ အောစီးရစ်ရက်စ် မစ်ရှင်ကျွမ်းကျင်သူများသည် ဩဂုတ် ၃၀ ရက်တွင် ဘန်နူးဂြိုဟ်သိမ်နမူနာများ ပြန်လည်ရယူရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသည့် စမ်းသပ်မှုတစ်ရပ်ကိုပြုလုပ်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်က ပစ်လွှတ်လိုက်သည့် ဘန်နူးဂြိုဟ်သိမ်နမူနာပစ္စည်းသည် အလုံပိတ်ပြွန်သည် စက်တင်ဘာ ၂၄ ရက်တွင် ယူတားပြည်နယ်အတွင်းသို့ ကျရောက်မည်ဖြစ်သည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်သို့ ၂၀၁၈ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ၎င်းဂြိုဟ်သိမ်၏ ကျောက်သားနမူနာများကို ရယူခဲ့သည်။

အောစီးရစ်ရက်စ်သည် ဘန်နူးဂြိုဟ်သိမ်နမူနာ ကျောက်သားများကို ကမ္ဘာပေါ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် အပိုဖစ်အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းထံ ဆက်လက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ KKO


## သံမဏိထက် သိပ်သည်းဆပိုမြင့်မားသော နက်ပကျွန်းဂြိုဟ်အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ရောမ ဩဂုတ် ၃၁**

သံမဏိထက် သိပ်သည်းဆပိုမြင့်မားသော နက်ပကျွန်းဂြိုဟ်အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

TOI-1853 b ဂြိုဟ်ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်၏ သိပ်သည်းဆမှာ မယုံကြည်နိုင်လောက်အောင် မြင့်မားသည်ဖြစ်ရာ ၎င်းဂြိုဟ်ကို ဖွဲ့စည်းထားသည့် ကျောက်သားထုထည်မှာ ရှိသင့်သည်ထက် ပိုများနေသည့်သဘောဖြစ်ကြောင်း အီတလီနိုင်ငံ ရောမတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

TOI-1853 b၏ထူးခြားသော ဖွဲ့စည်းတည်ဆောက်ပုံသည် ဂြိုဟ်အချင်းချင်း ဝင်တိုက်မှုကြောင့် အကျိုးဆက်အဖြစ် ပေါ်ထွက်လာသည့် ဖွဲ့စည်းတည်ဆောက်ပုံမျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



အခြားဂြိုဟ်ကြီးတစ်စင်းနှင့် ဝင်တိုက်မိချိန်တွင် TOI-1853 b ဂြိုဟ်၏ လေထုလွှာနှင့် ရေဓာတ်များ အာကာသဟင်းလင်းပြင်အတွင်း လွှတ်တင်ခဲ့ပြီး ကျောက်သားများက ကျန်ရစ်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ကမ္ဘာမြေနှင့် အလင်းနှစ် ၅၄၄ နှစ်အကွာတွင် တည်ရှိသည့် TOI-1853 b ဂြိုဟ်သစ် ဂြိုဟ်ကြီးများ ဝင်တိုက်မှုဖြစ်စဉ်များကို အခိုင်မာဆုံးသက်သေဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်ကို အီတလီသိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များက တက်ဂြိုဟ်သစ်ရှာဖွေရေး ဂြိုဟ်တုအကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## သက်တမ်းနှစ်ပေါင်း ၃၀ ရှိ ဆိုဗီယက်ခေတ် သက်မဲ့ဂြိုဟ်တုတစ်စင်း အာကာသ အမှိုက်စဝင်တိုက်မှုကြောင့် ပြိုကွဲသွား

**ဝါရှင်တန် ဩဂုတ် ၃၁**

သက်တမ်းနှစ်ပေါင်း ၃၀ ရှိ ဆိုဗီယက်ခေတ် သက်မဲ့ဂြိုဟ်တုတစ်စင်းသည် အာကာသအမှိုက်စဝင်တိုက်မှုကြောင့် ကမ္ဘာမြေပြင်အထက် မိုင် ၈၇၀ အကွာ ပတ်လမ်းပေါ်၌ ပြိုကွဲသွားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အာကာသအမှိုက်ဝင်တိုက်မှုကြောင့် ပြိုကွဲပျက်စီးသွားသည့် ဆိုဗီယက်ခေတ်ဂြိုဟ်တုမှာ ကော့စမော့စ်-၂၁၄၃ သို့မဟုတ် ကော့စမော့စ်-၂၁၄၅ ဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အာကာသအမှိုက်စဝင်တိုက်မှုကြောင့် ၁၉၉၁ ခုနှစ်တွင်လွှတ်တင်ခဲ့သည့် ဆိုဗီယက်ခေတ် သက်မဲ့ဂြိုဟ်တုမှာ အစိတ်အပိုင်း ခုနစ်ခုအဖြစ် ပြိုကွဲသွားကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဆိုဗီယက်ခေတ် သက်မဲ့ဂြိုဟ်တုသည် ကော့စမော့စ်-၂၁၄၃ ဖြစ်နိုင်သလို ကော့စမော့စ်-၂၁၄၅ လည်းဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကမ္ဘာမြေပြင်၏ မိုင် ၅၀၀ အထက်တွင်ရှိသော ပတ်လမ်းများပေါ်ရှိ ဆိုဗီယက်ဂြိုဟ်တုဟောင်းများနှင့်အသုံးပြုပြီး ဒုံးပျံအစိတ်အပိုင်းများမှာ အာကာသဟင်းလင်းပြင်ဘေးကင်း လုံခြုံရေးအတွက် ပြဿနာတစ်ရပ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလကလည်း ကော့စမော့-၂၂၅၁ အမည်ရှိ ဆိုဗီယက်ခေတ် သက်မဲ့ဂြိုဟ်တုတစ်စင်းသည် အမေရိကန်ဆက်သွယ်ရေးကုမ္ပဏီတစ်ခုပိုင် လုပ်ငန်းလည်ပတ်ဆဲ ဂြိုဟ်တုတစ်စင်းကို ဝင်တိုက်မိခဲ့ကြောင်း သိရသည်။ KKO

# HEALTH

## အမျိုးသားများ၏ တက်စတိုစတာရုန်းဟော်မုန်း ထုတ်လုပ်မှုအဆင့် အသက် ၇၀ ထိတည်ငြိမ်မှုရှိ

**ဆစ်ဒနီ ဩဂုတ် ၃၁**

အမျိုးသားများ၏ တက်စတိုစတာရုန်း ဟော်မုန်းအဆင့်သည် အသက် ၇၀ ထိတိုင် တည်ငြိမ်နေတတ်ပြီး နောက်ပိုင်းမှသာ တက်စတိုစတာရုန်း ဟော်မုန်းထုတ်လုပ်မှုကျဆင်းလာခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမျိုးသားများ၌ တက်စတိုစတာရုန်းဟော်မုန်းထွက်ပေါ်မှု ကျဆင်းသွားချိန်တွင် အားနည်းခြင်း၊ မောပန်းခြင်း၊ လိင်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်ကျသွားခြင်း၊ ကြွက်သားများဆုံးရှုံးခြင်း စသည့်ပြဿနာများ ပေါ်လာတတ်သည်။

သို့ရာတွင် အသက်အရွယ်ကြောင့် တက်စတိုစတာရုန်း ဟော်မုန်းကျဆင်းမှုအချို့ကို ဘဝနေထိုင်မှုပုံစံအပြောင်းအလဲများဖြင့် လျှော့ချပေးနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် အမျိုးသား ၂၅၀၀၀ ကျော်ပါဝင်ခဲ့သည့်လေ့လာမှုပေါင်း ၁၁ ခုကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အသက် ၇၀ နောက်ပိုင်းတွင် တက်စတိုစတာရုန်းဟော်မုန်းကျဆင်းလာသော်လည်း ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်အလေးချိန်ကိုလျှော့ချခြင်း၊ အရက်ဖြတ်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း စသည့်ဘဝနေထိုင်မှုပုံစံအပြောင်းအလဲများဖြင့် လျှော့ချနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## အသက် ၆၀ နောက်ပိုင်း ကိုယ်အလေးချိန်ကို ပုံမှန်ထိန်းထားနိုင်သူအမျိုးသမီးများ အသက်ပိုရှည်

**နယူးယောက် ဩဂုတ် ၃၁**

အသက် ၆၀ နောက်ပိုင်း ကိုယ်အလေးချိန် ပုံမှန်ထိန်းထားနိုင်သူ အမျိုးသမီးများ ပုံမှန်ထက် အသက်ပိုရှည်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အသက် ၆၀ နောက်ပိုင်းတွင် ကိုယ်အလေးချိန်ကို တည်ငြိမ်စွာထိန်းထားနိုင်သူများသည် အထက်ပါ အသက်အပိုင်းအခြား၌ ကိုယ်အလေးချိန်ပုံမှန်ထက် ၄းရာခိုင်နှုန်း လျော့သွားသူ သို့မဟုတ် ၄းရာခိုင်နှုန်းနှင့်ပိုတိုးလာသူများထက် တစ်ဆခွဲမှ နှစ်ဆထိ အသက်ပိုရှည်နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သက်ကြီးပိုင်းအမျိုးသမီးများအနေဖြင့် ကိုယ်အလေးချိန်လျှော့ချခြင်းမရှိဘဲ ကိုယ်အလေးချိန်ပုံမှန်ထက်ကျသွားမှုသည် ကျန်းမာရေးပြဿနာများပေါ်လာမည့် ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အမျိုးသမီး ၅၄၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို အချိန်ယူလေ့လာစိစစ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာချက်အရ သက်ကြီးပိုင်းအမျိုးသမီးများအနေဖြင့် ကိုယ်အလေးချိန်ကို ပုံမှန်အတိုင်း ထိန်းထားနိုင်ရန် အရေးကြီးသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ အသက်အရွယ်ကြီးရင့်လာချိန်တွင် ကိုယ်အလေးချိန်ကို လျှော့ချခြင်းမှာလည်း အသက်ရှည်ရေးအတွက် အကျိုးမရှိသည့်သဘောတွေ့နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်များ

**ML**

**ဘန်လေ Vs စပါး**

**ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပါး ၁ - ၀ ဘန်လေ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |
| စပါး | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |

ဘန်လေအသင်းဟာ ပရီးမီးယားလိဂ်မှာ နိုင်ပွဲပျောက်ဆုံးနေလို့ အခု အိမ်ကွင်းပွဲစဉ်မှာ အနည်းဆုံးရမှတ်ရှာဖွေဖို့ ကြိုးစားလာမှာပါ။စပါး အသင်းကတော့ တိုက်စစ်ကစားပုံထက်မြက်နေပေမဲ့ အဝေးကွင်းခံစစ်ပိုင်း က အားနည်းချက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အနည်းဆုံးသရေကစား လာမဲ့ ဘန်လေကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘန်လေ ၁ - ၁ စပါး**

**ဘရိုက်တန် Vs နယူးကာဆယ်**

**ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရိုက်တန် ၁ - ၂ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |
| နယူးကာဆယ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဘရိုက်တန်အသင်းဟာ ခြေရည်တူအသင်းတွေကိုဂိုးပြတ်နိုင်ပွဲရခဲ့ပေမဲ့ ပြီးခဲ့တဲ့အိမ်ကွင်းမှာ တိုက်စစ်အလွန်အကျွံကစားခဲ့တာကြောင့် ဂိုးပြတ်ရှုံးခဲ့ရတာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းကတော့ ထိပ်သီး အသင်းကြီးတွေကလွဲရင် အသင်းတိုင်းကိုအကောင်းဆုံးဖိအားပေးကစား နိုင်ခဲ့သောကြောင့် အဝေးကွင်းနိုင်ပွဲရှာရမဲ့ နယူးကာဆယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရိုက်တန် ၁ - ၂ နယူးကာဆယ်**

## အီတလီစီးရီးအေ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

**ML**

**ဘိုလော့ဂ်နာ Vs ကက်ဂလီယာရီ**

**ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုလော့ဂ်နာ ၁ - ၀ ကက်ဂလီယာရီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့ဂ်နာ | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |
| ကက်ဂလီယာရီ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |

ဘိုလော့ဂ်နာအသင်းဟာ အန်တာတိုဇစ်ထွက်ခွာသွားလို့ တိုက်စစ် ကျဆင်းသွားတာကြောင့် စီးရီးအေနှစ်ပွဲမှာတစ်မှတ်သာရသေးလို့ အခုပွဲစဉ် ကို တိုက်စစ်မြှင့်နိုင်ပွဲရှာရမှာပါ။ ကက်ဂလီယာရီကတော့ ကစားသမား စုဖွဲ့မှုအားနည်းသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဘိုလော့ဂ်နာအိမ်ကွင်းမှာ နိုင်ပွဲမရသေးတာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိနေတဲ့ ဘိုလော့ဂ်နာနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုလော့ဂ်နာ ၁ - ၀ ကက်ဂလီယာရီ**

### အားကစားသတင်း အတိုအထွာများ

- ဘရိုက်တန်အသင်းက ဘာစီလိုနာအသင်းလူငယ်တိုက်စစ်မှူး အန်ဆုဖာတီကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- ဆော်ဒီကလပ် အယ်အီတီဟတ်အသင်းက တိုက်စစ်မှူး ဆာလာဟ်ကိုစတာလင်ပေါင် ၁၁၈ သန်းဖြင့် ခေါ်ယူရန် ထပ်မံကြိုးပမ်းနေသော်လည်းနည်းပြကလော့ပ်က ငြင်းဆိုခဲ့ပြီး ဆာလာဟ်ကို ရောင်းချမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

## ကာရာဘောင်းဖလား တတိယအဆင့် မဲခွဲပွဲအပြီးတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများ ထိပ်တိုက်တွေ့ဆုံနေ




**လန်ဒန် ဩဂုတ် ၃၁**

ကာရာဘောင်းဖလား တတိယ အဆင့်မဲခွဲပွဲတွင် ပရီးမီးယားလိဂ် ကလပ်အသင်းများထိပ်တိုက်တွေ့ဆုံ နေပြီး မန်စီးတီးအသင်းက နယူး ကာဆယ်အသင်း၊ မန်ယူအသင်းက ပဲလေ့စ်အသင်း၊ ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းတို့နှင့်တွေ့ဆုံခဲ့ ကြောင်း 90Min.com က ယနေ့ တွင် ဖော်ပြခဲ့သည်။

တတိယအဆင့်တွင် ပရီးမီးယား လိဂ်မှ ဥရောပယှဉ်ပြိုင်ခွင့်ရထား သည့် ကလပ်အသင်းများပါဝင်လာ ခဲ့ရာ လက်ရှိချန်ပီယံမန်ယူအသင်း က ပဲလေ့စ်အသင်းနှင့်လည်းကောင်း၊ ဝုဗ်အသင်းက အစ်ဗ့စ်အသင်းနှင့် လည်းကောင်း၊ လူတန်အသင်းက အိစ်စတာအသင်းနှင့်လည်းကောင်း၊ အေဗီလာအသင်းက အဲဗာတန် အသင်းနှင့်လည်းကောင်း၊ ဝက်စ်ဟမ်း အသင်းက လင်ကွန်းအသင်းနှင့် လည်းကောင်း၊ အာဆင်နယ်အသင်း က ဘရန့်ဖို့ဒ်အသင်းနှင့်လည်း ကောင်း၊ ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းနှင့်လည်းကောင်း၊ ဘန်လေအသင်းကဆဲလ်ဖို့ဒ်အသင်း နှင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်း က နော့ဝှစ်အသင်းနှင့်လည်းကောင်း၊ လီဗာပူးအသင်းက လက်စတာ အသင်းနှင့်လည်းကောင်း၊ ဘုန်း မောက်အသင်းက စတုတ်အသင်း နှင့်လည်းကောင်း၊ နယူးကာဆယ် အသင်းက မန်စီးတီးအသင်းနှင့် လည်းကောင်း ထိပ်တိုက်တွေ့ဆုံ လျက်ရှိသည်။

ထို့ပြင် ပေါ့ဇ်မောက်အသင်းက ဆောက်သမ်း အသင်းနှင့်လည်း ကောင်း၊ ဘရက်ဖို့ဒ်အသင်းက မစ်ဒယ်ဘရော့ အသင်းနှင့်လည်း ကောင်း၊ ဘလက်ဘန်းအသင်းက ကာဒစ် အသင်းနှင့်လည်းကောင်း မန်ဖီးအသင်းက ပီတာဘရော့ အသင်းနှင့်လည်းကောင်း အသီးသီး တွေ့ဆုံလျက်ရှိသည်။

တတိယအဆင့်တွင် ပြိုင်ပွဲဝင် အသင်း ၃၂ သင်း ပါဝင်ခဲ့ပြီး အဆိုပါပွဲစဉ်များကို လာမည့် စက်တင်ဘာ ၂၇ ရက်တွင် ပြန်လည် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ML

## မန်စီးတီးလူငယ်ကစားသမားပယ်မာကို စတာလင်ပေါင် ၄၅ သန်းဖြင့်ခေါ်ယူရန် ချဲလ်ဆီးသဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၃၁**

ချဲလ်ဆီးအသင်းသည် အပြောင်း အရွှေ့ကာလမပိတ်သိမ်းမီမန်စီးတီး အသင်းမှ လူငယ်တောင်ပံကစား သမားပယ်မာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ချဲလ်ဆီးအသင်းသည် တိုက်စစ် ပိုင်းတွင် ကစားသမားအင်အား လိုအပ်ချက် ရှိနေသောကြောင့် အသက် ၂၁ နှစ်ရှိ လူငယ်ကစား သမားပယ်မာကို ကနဦးပြောင်းရွှေ့ ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းခဲ့ရာမန်စီးတီးအသင်းက ပယ်ချခဲ့သောကြောင့် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဒုတိယအကြိမ်ထပ်မံ ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး စတာလင် ပေါင် ၄၅ သန်းထိ တိုးမြှင့်ခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘော တူညီမှု ရယူနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်း သည် လူငယ်ကစားသမားပယ်မာကို အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ အပြီးသတ် ခေါ်ယူနိုင်ရန်အတွက် မကြာမီအချိန်အတွင်း ဆေးစစ်မှု ပြုလုပ်မည်ဖြစ်သည်။

လူငယ်ကစားသမား ပယ်မာ သည် ၂၀၂၀ ပြည့်နှစ်ကအသင်းကြီး သို့ရောက်ရှိခဲ့ပြီး နည်းပြဂွါဒီယိုလာ ၏ယုံကြည်မှုကိုရရှိခဲ့သဖြင့် ပြိုင်ပွဲစုံ ၄၁ ပွဲပါဝင်ခွင့်ရခဲ့ကာ သွင်းဂိုး ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့သည့် အပြင် ယခုနှစ်ဘောလုံးရာသီတွင် လည်း ကွန်မြူနတီဒိုင်းပွဲစဉ်နှင့် ယူအီးအက်ဖ်အေစူပါကပ်ပွဲစဉ်တို့ တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ကာ သွင်းဂိုးနှစ်ဂိုးသွင်းယူ နိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိ ပြသနေသည့် ပယ်မာ၏ခြေစွမ်းပိုင်း ကို နှစ်သက်နေသောကြောင့် နောက်ချန် တိုက်စစ်မှူးအဖြစ် ထည့်သွင်းအသုံးပြုရန် စီစဉ်လျက်ရှိ ပြီး ယခုအပြောင်းအရွှေ့တွင်လည်း ကာစီဒို၊ လာဗီယာ၊ အန်ကူကူ၊ ဒီဆာဆီ၊ ဂျက်ဆန်၊ အူဂိုချူကူ၊ ရောဘတ်ဆန်းချက်၊ ပက်ထရီဇစ်၊ ဝါရှင်တန်၊ အိန်ဂျယ်လို ဂါဘရီရယ်၊ မိုရီရာတို့ကိုခေါ်ယူ ခဲ့ပြီး ပြောင်းရွှေ့ကြေးစတာလင် ပေါင်သန်း ၄၀၀ ထိ သုံးစွဲခဲ့ကြောင်း သိရသည်။ ML

## US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

**နယူးယောက် ဩဂုတ် ၃၁**

အမေရိကန်နိုင်ငံ နယူးယောက် မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ်ကစား သမားဇာပါတာတို့ ယှဉ်ပြိုင်ကစား ခဲ့ရာတွင် ဂျိုကိုဗစ်က (၆-၄၊ ၆-၁၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ ကြောင်း TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ဂရန်း စလန်းဆုဖလား ၂၄ လုံးမြောက် အထိဆွတ်ခူးနိုင်ရေးအတွက် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံ ဆုကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထား နေပြီး ဇာပါတာနှင့်ပွဲစဉ်တွင်လည်း ချန်ပီယံလက်စွမ်းမျိုးကို ပြသနိုင် ခဲ့သည်။

ဂျိုကိုဗစ်သည် ဇာပါတာကို အနိုင်ကစားနိုင်ရေးအတွက် ပွဲကစား ချိန်မှာ ၁ နာရီ ၅၉ မိနစ်သာ ကြာမြင့်ခဲ့ပြီး တတိယအဆင့်တွင် တစ်နိုင်ငံတည်းသားဖြစ်သူ လက်ဇလို ဂျီရီနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

လက်ဇလိုဂျီရီသည် ဒုတိယ အဆင့်တွင် ပြင်သစ်တင်းနစ်ကစား သမား ဂတ်စ်တန်နှင့် ယှဉ်ပြိုင် ကစားခဲ့ရပြီး လက်ဇလိုဂျီရီက(၆-၁၊ ၆-၂၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက် ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ဒုတိယအဆင့်မှာ ပုံစံကောင်းပြသနိုင်ခဲ့တယ်ဆိုပေမဲ့ လဲ ကျွန်တော့်အနေနဲ့ပထမပွဲငယ်ကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပါ တယ်။ ဒုတိယအဆင့်မှာတော့ နေပြင်းတဲ့အချိန်မှာ ကစားခဲ့ရတဲ့ အတွက်ကြောင့် ပွဲနည်းနည်းတော့ ပန်းတယ်။ စိုထိုင်းဆလဲမြင့်မားတဲ့ အတွက်ကြောင့် ပိုပြီးတော့မောဟိုက် လွယ်တယ်။ ဒါကြောင့် နှစ်ယောက် စလုံးက ပထမပွဲငယ်မှာကစားရ ခက်နေခဲ့ပြီးတော့ စည်းချက်မညီ ခဲ့ဘူး။ ပထမပွဲငယ်ပြီးသွားတော့ သက်လုံလဲရလာပြီး ဒုတိယ ပွဲငယ်မှာကစားရတာ အဆင်ပြေ လာတယ်။ သက်သောင့်သက်သာ ရှိလာပြီးတော့ အကောင်းဆုံးပုံစံ တွေလဲ ပြသနိုင်ခဲ့ပါတယ်"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။ AZL



# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီး ပီအက်စ်ဂျီ၊ ဒေါ့မွန်၊ အေစီမီလန်နှင့် နယူးကာဆယ်အသင်းတို့ တစ်အုပ်စုတည်းကျရောက်

**နီယွန် ဩဂုတ် ၃၁**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီးတွင် ပီအက်စ်ဂျီ၊ ဒေါ့မွန်၊ အေစီမီလန်နှင့် နယူးကာဆယ်အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း(၃၂)သင်းဖြင့် အုပ်စု ရှစ်ခုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များမဲခွဲအပြီး လက်ရှိ ချန်ပီယံ မန်စီးတီးအသင်းသည် အုပ်စု(G)တွင် ကျရောက်ခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲမှု အပြီးတွင် အုပ်စု(A)၌ ဘိုင်ယန်မြူးနစ်အသင်း၊ မန်ယူအသင်း၊ ကိုပင်ဟေဂင်အသင်းနှင့်ဂါလာတာစာရေးအသင်း၊ အုပ်စု(B)တွင် ဆီဗီလာအသင်း၊ အာဆင်နယ်အသင်း၊ ပီအက်စ်ဗွီအသင်းနှင့် လန်းအသင်း၊ အုပ်စု(C)တွင် နာပိုလီအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဘရာဂါအသင်းနှင့် ယူနီယံဘာလင်အသင်း၊ အုပ်စု(D)တွင် ဘင်ဖီကာအသင်း၊ အင်တာမီလန်အသင်း၊ ဆဲလ်ဘတ်အသင်းနှင့် ဆိုစီဒက်အသင်းတို့ ကျရောက်ခဲ့ကြသည်။

အလားတူ အုပ်စု(E)တွင် ဖီယင်နူအသင်း၊ အေတီကိုအသင်း၊ လာဇီယိုအသင်းနှင့် ဆဲလ်တစ်အသင်း၊ အုပ်စု(F)တွင် ပီအက်စ်ဂျီအသင်း၊ ဒေါ့မွန်အသင်း၊ အေစီမီလန်အသင်းနှင့် နယူးကာဆယ်အသင်း၊ အုပ်စု(G)တွင် လက်ရှိချန်ပီယံ မန်စီးတီးအသင်း၊ လိုက်ပ်ဇစ်အသင်း၊ ဇီဗက်ဒါအသင်းနှင့် ယန်းဘွိုင်းအသင်း၊ အုပ်စု(H)တွင် ဘာစီလိုနာအသင်း၊ ပေါ်တိုအသင်း၊ ရှက်တာဒိုးနက်စ်အသင်းနှင့် အန်ဒါဝပ်အသင်းတို့တစ်အုပ်စုတည်းကျရောက်ခဲ့ကြကြောင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စတင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဩဂုတ်လအတွက် စပိန်လာလီဂါတစ်လတာအကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် ဆွတ်ခူး




**မက်ဒရစ် ဩဂုတ် ၃၁**

စပိန်လာလီဂါပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ နှစ်သာ ရှိသေးသည့် ဘယ်လင်ဟမ်သည် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် ဒေါ့မွန်အသင်းမှရီးရဲလ်မက်ဒရစ်အသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၁၀၄ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် ပြောင်းရွှေ့ကြေးနှင့်ထိုက်တန်အောင် ခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

ဘယ်လင်ဟမ်သည် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းတိုက်စစ်ပိုင်းထိ လိုက်ပါကစားနိုင်ခဲ့ပြီး သွင်းဂိုးများသွင်းယူနိုင်ခဲ့ကာ လက်ရှိအချိန်ထိ စပိန်လာလီဂါပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ်ပါ ရပ်တည်လျက်ရှိနေသည်။

ဘယ်လင်ဟမ်သည် ဩဂုတ်လအတွင်းကစားခဲ့သည့် ဘီလ်ဘာအိုအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ အယ်မာရီယာအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ ဆဲလ်တာဗီဂိုအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး သုံးပွဲကစားခဲ့ရာတွင် လေးဂိုးသွင်းယူနိုင်ခဲ့ကာ တစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# US Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဟောင်း ဂါရီဝုဒ်လန်း ဦးနှောက်ခွဲစိတ်ကုသမှုခံယူရမည်ဟု အတည်ပြု

**ဝါရှင်တန် ဩဂုတ် ၃၁**

US Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဟောင်း တစ်ဦးဖြစ်သူ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂါရီဝုဒ်လန်းသည် စက်တင်ဘာလတွင် ဦးနှောက်ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါရီဝုဒ်လန်းသည် ဦးနှောက်အတွင်း တစ်သျှူးတချို့ ပျက်စီးနေကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ဆရာဝန်၏အကြံပြုချက်အရ စက်တင်ဘာ ၁၈ ရက်တွင် ဦးနှောက်ခွဲစိတ်ကုသမှု ခံယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂါရီဝုဒ်လန်းသည် ၂၀၁၉ ခုနှစ်တွင် ဆွတ်ခူးခဲ့သော US Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆု အပါအဝင် PGA Tour ဆုဖလား လေးလုံးထိဆွတ်ခူးထားသောကစားသမားတစ်ဦးဖြစ်ပြီး ဦးနှောက်ခွဲစိတ်ကုသမှု ခံယူရတော့မည်ဖြစ်သည့်အတွက်ကြောင့် မည်သည့်ကာလထိ အနားယူရတော့မည်ကို မသိရသေးကြောင်း ဂါရီဝုဒ်လန်းက ပြောကြားခဲ့သည်။

ဦးနှောက်အတွင်းခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် စိုးရိမ်စိတ်ဝင်နေသော်လည်း မိသားစုဝင်များနှင့် နည်းပြအဖွဲ့ဝင်များ၏ အားပေးမှုကြောင့် စိတ်ဓာတ်ခွန်အားရခဲ့ကြောင်းလည်း ဂါရီဝုဒ်လန်းက ပြောကြားခဲ့သည်။

ဂါရီဝုဒ်လန်းက "ဦးနှောက်အတွင်း တစ်သျှူးတချို့ပျက်စီးနေတယ်လို့ ဆေးစစ်ချက်အရသိရတဲ့အတွက် ဆရာဝန်က ကျွန်တော့်ကို ဦးနှောက်ခွဲစိတ်ကုသမှု ခံယူဖို့အတွက် အကြံပြုထားပါတယ်။ ဆရာဝန်ရဲ့အကြံပြုချက်အရ လာမဲ့စက်တင်ဘာ ၁၈ ရက်မှာ ခွဲစိတ်ကုသမှု ခံယူသွားရမှာဖြစ်ပါတယ်။ နည်းနည်းတော့စိုးရိမ်နေမိပေမဲ့လဲ ကျွန်တော့်မိသားစုဝင်တွေ၊ နည်းပြအဖွဲ့တွေ၊ ဂေါက်သီးရိုက်ဖော်ရိုက်ဖက်တွေရဲ့ အားပေးမှုကြောင့် စိတ်ဓာတ်ခွန်အား ရခဲ့ပါတယ်။ ခွဲစိတ်ကုသမှု ခံယူပြီးရင်တော့ ဘယ်အချိန်ထိ အနားယူရမလဲဆိုတာတော့ ကျွန်တော်လဲမပြောနိုင်သေးဘူး။ အမြန်ဆုံးပြန်ကစားနိုင်မယ်လို့တော့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## စပိန်လာလီဂါ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

**ဘက်တစ် Vs ဗယ်လ်ကာနို**

**ကစားမည့်ရက်/အချိန် ၃-၉-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘက်တစ် ၃ - ၁ ဗယ်လ်ကာနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | – | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဗယ်လ်ကာနို | – | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဘက်တစ်အသင်းဟာ ဗယ်လ်ကာနိုအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ လက်ရှိ ဗယ်လ်ကာနိုအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ခံစစ်ပိုင်းကလဲ ပေးဂိုးများနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိတဲ့ ဘက်တစ်အသင်းပဲနိုင်ပွဲပြန်လည်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘက်တစ် ၃ - ၁ ဗယ်လ်ကာနို**

## ပြင်သစ်လီဂူး ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

**မိုနာကို Vs လန်း**

**ကစားမည့်ရက်/အချိန် ၃-၉-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လန်း ၃ - ၀ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| လန်း | – | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |

အဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ လန်းအသင်းရဲ့ခြေစွမ်းပိုင်းက ဆိုးရွားနေပါတယ်။ မိုနာကိုအသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်နေပြီး နောက်ဆုံးကစားတဲ့ သုံးပွဲမှာ နှစ်ပွဲထိနိုင်ပွဲရယူထားလို့ အခုပွဲစဉ်မှာလဲ လန်းအသင်းကိုဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်ရောခြေစွမ်းပိုင်းပါအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - မိုနာကို ၃ - ၁ လန်း**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်များ

STA

**လေဗာကူဆင် Vs ဒမ်စတက်**

**ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၃ (ည ၀၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒမ်စတက် ၀ - ၂ လေဗာကူဆင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဒမ်စတက် | – | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

သုံးပွဲဆက်ရှုံးနိမ့်ထားတဲ့ ဒမ်စတက်အသင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေပါတယ်။ လေဗာကူဆင်အသင်းကတော့ အိမ်ကွင်းမှာဒမ်စတက်အသင်းကိုအနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လေဗာကူဆင်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၃ - ၀ ဒမ်စတက်**

**ဂလာဘတ် Vs ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂလာဘတ် ၃ - ၂ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | – | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |
| ဘိုင်ယန်မြူးနစ် | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

ဘိုင်ယန်မြူးနစ်အသင်းရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေလို့ အဝေးကွင်းဆိုပေမဲ့ ဂလာဘတ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဂလာဘတ်အသင်းကလဲ အိမ်ကွင်းမှာကစားရမှာဆိုပေမဲ့ ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့အတွက်တော့ ခက်ခဲနေမှာပါ။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဂလာဘတ် ၀ - ၃ ဘိုင်ယန်မြူးနစ်**

ခရီးသွားဆောင်းပါး

# ပုဂံလမ်းနှင့်ထန်းရည်ဆိုင်တန်း

သက်နိုင်(မြင်ဦးလွင်)

ပုဂံ-ညောင်ဦး-ပုပ္ပား-မြင်းခြံခရီးစဉ်မှာ ပုပ္ပားတောင်ကိုတက်ရောက်ခဲ့ကြပြီး ကျောက်ပန်းတောင်းမြို့ကို ရောက်ရှိနေကြပါပြီ။ ရေမိုးချိုး၊ အဝတ်အစားလဲပြီးကြတာနဲ့ ညနေစာစားဖို့အတွက် ဟိုတယ်ကနေ ထွက်လာခဲ့ကြတယ်။ အချိန်က နေဝင်ရီတရောကိုကျော်လွန်ပြီး ကားမီးတွေ စတင်ဖွင့်မောင်းရတဲ့အချိန်ပါ။ ကျောက်ပန်းတောင်းမြို့တွင်းကို ဝင်ရောက်မောင်းနှင်လာတဲ့ လမ်းတစ်လျှောက်မှာ ညစာထမင်းစားသောက်ကောင်းနိုင်မဲ့ဆိုင်တွေကိုရှာဖွေခဲ့ပေမဲ့ ထမင်းဆိုင်သီးသန့်တွေကို ရှာဖွေမတွေ့ရဘဲ အကင်ဆိုင်တွေ၊ ဘီယာဆိုင်တွေကိုသာ တွေ့မြင်နေရတယ်။ ကျောက်ပန်းတောင်းမြို့ကလဲ ခေတ်မီစားသောက်ဆိုင်တွေနဲ့ ဖွံ့ဖြိုးတိုးတက်နေပါပြီ။

ကားမောင်းရင်း၊ စားသောက်ဆိုင်တွေကိုရှာဖွေရင်းနဲ့ တစ်ခါကစားသောက်ခဲ့ဖူးတဲ့ ဆိုင်တစ်ဆိုင်ကို သတိရသွားပြီး ဆိုင်ရှိရာကိုစဉ်းစားမောင်းနှင်လာခဲ့တယ်။ ဆိုင်က မီးပွိုင့်၊ ကားဂိတ်တွေအနီးမှာ ရှိနေတာပါ။ အဓိကစားသောက်စရာတွေက တရုတ်ဟင်းလျာတွေဖြစ်နေသလို အကင်ဆိုင်တွေ၊ ဘီယာဆိုင်တွေလောက် စားသောက်နေကြသူတွေ များပြားရှုပ်ထွေးခြင်းမရှိဘဲ ရှင်းလင်းနေတယ်။ အသက်အရွယ်ကြီးနေကြပြီဖြစ်တဲ့ မိမိရဲ့ခရီးဖော်လူကြီးတွေအတွက် ဒီလိုမျိုးဆိုင်တွေက အေးအေးဆေးဆေးနဲ့ သင့်တော်မှုရှိနေတယ်။ ခရီးတွေသွားလာကြတဲ့အခါ ခရီးဖော်ညီသည်တွေ၊ မိသားစုဝင်တွေ၊ အတူတူလိုက်ပါလာကြသူတွေ စားသောက်နေထိုင်ရေးကိစ္စတွေ အဆင်ပြေချောမွေ့စေဖို့က အဓိကအချက်ထဲမှာတစ်ခုအနေနဲ့ ပါဝင်နေတယ်။ တစ်ခုခုအဆင်မပြေလိုက်တာနဲ့ စိတ်ဆိုး၊ ဒေါသတွေထွက်ကြရပြီး ခရီးတစ်လျှောက်လုံး ပျော်ရွှင်ကြရတော့မှာ မဟုတ်ပါဘူး။ ခရီးတစ်ခုကို အစ၊ အဆုံး ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းချမ်းသာသာနဲ့ သွားကြရတာက အကောင်းဆုံးပါ။

စားသောက်ကြတဲ့အခါ စားသောက်ဆိုင်မှာ ဟင်းလျာတွေက လက်ရာကောင်းမွန်သလို အရသာလဲ ရှိနေတယ်။ နေ့လယ်စာအဖြစ် လက်ပံပျားရွာမှာ စားခဲ့ကြတဲ့ မြန်မာထမင်းဟင်းဆိုင်တွေကလဲ စားလို့ကောင်း၊ ညစာအဖြစ် စားသောက်နေကြတဲ့ တရုတ်ထမင်းဟင်းတွေကလဲ စားလို့ကောင်းနဲ့ ခရီးကံက မိမိတို့ဘက်မှာ မျက်နှာသာပေးနေတယ်။ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသမဟုတ်တာကြောင့် စားသောက်ပြီးတာနဲ့ ဘယ်ကိုမှမသွားရောက်ကြတော့ဘဲ ညဥ့်မနက်ခင် ဟိုတယ်ရှိရာကို ပြန်လာခဲ့ကြတယ်။ တစ်နေကုန် ခရီးပန်း၊ ပုပ္ပားတောင်အတက်၊ အဆင်းတွေကြောင့် ညောင်းညာကိုက်ခဲနေကြပြီး တစ်ညတာအတွက် ကောင်းကောင်းမွန်မွန် အိပ်စက်အနားယူကြတော့မှာပါ။ မြန်မာနိုင်ငံရဲ့ အပူပိုင်းဒေသဖြစ်နေပေမဲ့ ဟိုတယ်မှာတပ်ဆင်ပေးထားတဲ့ လေအေးပေးစက်ကောင်းမှုကြောင့် အိပ်ရာဝင်ပြီးတစ်ခဏအကြာမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ကြရတယ်။

ဒါပေမဲ့ မကြာခင်အချိန်တိုအတွင်းမှာ အိပ်ရာကနေ ပြန်နိုးလာခဲ့ရပြီး ကျောက်ပန်းတောင်းမြို့ရဲ့ ဇာတိအမှန် အပူဒဏ်ကို အလူးအလဲခံစားရတော့တယ်။ အကြောင်းရင်းက ည ၁၀ နာရီထိုးပြီဖြစ်လို့ ဟိုတယ်မှာနှိုးထားတဲ့ မီးစက်ကြီးကို ပိတ်လိုက်တာကြောင့်ပါ။ လျှပ်စစ်မီးကပျက်၊ မီးစက်ပိတ်၊ လေအေးပေးစက်က အလုပ်မလုပ်နဲ့ ဆက်အိပ်လို့မရတော့ဘဲ ဒုက္ခရောက်ရတော့တယ်။ ဖြစ်နိုင်ရင် မီးစက်နှိုးပေးဖို့ ဟိုတယ်ကိုပြောတဲ့အခါ ဧည့်သည်အလွန်နည်းပါးနေတဲ့အတွက် မကိုက်ကြောင်း၊ ဆီဈေးတွေအလွန်မြင့်တက်နေကြောင်း၊ မီးစက်ထဲမှာလဲ ဆီနည်းနေပြီဖြစ်ကြောင်း၊ အခုအချိန်မှာ ဝယ်ယူလို့မရနိုင်တော့ကြောင်း၊ တစ်ညလုံးနှိုးထားတဲ့ မီးစက်သံကြောင့် ပတ်ဝန်းကျင်က ပြစ်တင်ရန်မူတတ်ကြကြောင်း၊ မီးစက်ကြီးကလဲ အချိန်ကြာကြာနှိုးထားတာနဲ့အမျှ ဘာတွေပျက်လို့ပါ၊ ဘာတွေဖြစ်လာလို့ပါ စသဖြင့် ညည်းတွားပြောဆိုနေလို့ ရာသီဥတုအပူဒဏ်အပြင် နားပူဒဏ်ကိုပါ ဆက်လက်ခံလိုက်ရတော့တယ်။

လေအေးပေးစက်အလုပ်မလုပ်တော့တဲ့ ဟိုတယ်ခန်းထဲက အိပ်ရာပေါ်မှာ ပူပူလောင်လောင် အိုက်စပ်စပ်နဲ့ ဟိုဘက်လှည့်၊ ဒီဘက်လှည့်၊ ဟိုလိုမှ် ဒီလိုမှ် လုပ်နေရပြီး ဘယ်လိုမှအိပ်မရတော့ပါဘူး။ အိပ်လို့မရတဲ့အချိန်တွေကြာလာတာနဲ့အမျှ အပြင်ဘက်ကလေအေးလေးတွေ ဝင်လာလို ဝင်လာငြားဆိုပြီး ပြတင်းပေါက်တွေကိုဖွင့်လိုက်ပေမဲ့ လေဝင်မလာဘဲ ခြင်တွေဝင်လာလို့ အပူဒဏ်ကော၊ ခြင်ဒဏ်ကော နှစ်မျိုးပေါင်းစပ်ခံစားရတော့တယ်။ သာမန်ညအချိန်တွေမှာ အိပ်လို့မပျော်၊ အိပ်လို့မရဖြစ်တဲ့ အခက်အခဲဒုက္ခတွေကို လူတိုင်းနီးပါးခံစားဖူးကြပါတယ်။ အလွန်စိတ်ပျက်ဒေါသဖြစ်စရာကောင်းတာပါ။ အခုအခြေအနေက အိပ်ချင်နေလျက်သားနဲ့ အပူဒဏ်နဲ့ခြင်ဒဏ်ကြောင့် အိပ်မရတာက ပိုဆိုးနေတယ်။ တစ်ကိုယ်လုံးမှာ ချွေးတွေက တစီးစီးထွက်၊ ခြင်တွေကတဝီဝီနဲ့ ဘယ်လိုမှ မတတ်သာတဲ့အဆုံး အပြင်ထွက်ပြီး လမ်းလျှောက်နေရတော့တယ်။

ခရီးပန်းလာသလောက် တစ်ညလုံး အိပ်မရတဲ့ ဒုက္ခကို မိမိတစ်ယောက်တည်းခံစားခဲ့ရတာမဟုတ်ဘဲ ခရီးဖော်လူကြီးတွေအားလုံး မျှဝေခံစားခဲ့ကြရတာပါ။ ဒါကြောင့်လဲ မနက် ၄ နာရီမထိုးခင်ကတည်းက ရေမိုးချိုး၊ ပစ္စည်းတွေသိမ်းဆည်းပြီး လုပ်စရာရှိတာတွေကိုလုပ်ဆောင်ပြီး နောက်ထပ်ခရီးစဉ်ကိုဆက်ကြဖို့ အဆင်သင့်ဖြစ်နေကြပါပြီ။ ဒါပေမဲ့ အခန်းသော့တွေအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်တွေ ပြန်ယူကြဖို့အတွက် ဟိုတယ်ဝန်ထမ်းတွေ အိပ်ရာမထသေးကြလို့ အပြင်မှာ လမ်းလျှောက်နေကြရတယ်။ မြန်မာနိုင်ငံအနှံ့ထွက်ခဲ့ဖူးတဲ့ခရီးတွေထဲမှာ ကျောက်ပန်းတောင်းညရဲ့ အမှတ်တရပါ။

ဟိုတယ်ဝန်ထမ်းတွေ အိပ်ရာထလာကြပြီး အပ်စရာရှိတာတွေအပ်၊ ယူစရာရှိတာတွေကိုယူပြီးချိန်မှာ မနက် ၅ နာရီသာ ရှိပါသေးတယ်။ တစ်ညလုံး အိပ်ကောင်းကောင်းနဲ့ အိပ်ခဲ့ရမယ်ဆိုရင် ဒီအချိန်က အိပ်ရာထဲမှာ ရှိနေဆဲဖြစ်မှာပါ။ ခရီးဖော်တွေအားလုံးကလဲ မနက် ၆ နာရီမှာ အိပ်ရာထကြမယ်။ ၇ နာရီမှာ မနက်စာလက်ဖက်ရည်သောက်၊ မုန့်စားကြပြီး ပုဂံ-ညောင်ဦးကို ခရီးဆက်ကြဖို့ စီစဉ်ထားခဲ့ကြတယ်။ အခုတော့ မနက် ၅ နာရီကတည်းက ဟိုတယ်ကနေထွက်လာခဲ့ကြရပါပြီ။ ဒီလို မနက်စောစော ထွက်လာခဲ့ကြရတဲ့အတွက် နောက်ထပ်ဒုက္ခတစ်ခုကို ထပ်မံရင်ဆိုင်ကြရပြန်တယ်။ ဒါကတော့ မနက်စာစား၊ လက်ဖက်ရည်သောက်ကြဖို့အတွက် ဆိုင်တွေမဖွင့်ကြသေးတာပါ။ ဒါပေမဲ့ လမ်းဘေးတစ်ခုမှာ လက်တွန်းလှည်းလေးတွန်းလာတဲ့ လူတစ်ယောက်ကိုတွေ့လို့ ဘာရောင်းတာလဲမေးကြည့်တော့ လက်ဖက်သုပ်၊ ချင်းသုပ်၊ အသုပ်စုံတွေနဲ့ လက်ဖက်ရည်၊ ကော်ဖီရောင်းတယ်ဆိုတာကိုသိလိုက်ရပြီး ဘာမှမစားရ၊ မသောက်ရသေးတဲ့အတူတူ လက်ဖက်ရည်တစ်ခွက် သောက်ရနည်းလားဆိုပြီး လက်ဖက်ရည်တစ်ခွက်စီ မှာယူသောက်ကြရတယ်။ တွန်းလှည်းပေါ်မှာ အသင့်ဖျော်လက်ဖက်ရည်၊ ကော်ဖီထုပ်တွေ၊ ရေနွေးဓာတ်ဘူးနဲ့ လက်ဖက်ရည်ခွက်တွေ အသင့်ပါလာတာကို ကျေးဇူးတင်လိုက်ရတယ်။



ကျောက်ပန်းတောင်း-ပုဂံလမ်းရှိ ထန်းရည်ဆိုင်တန်းကို တွေ့ရစဉ်။

လမ်းဘေးမှာရပ်ပြီး လက်ဖက်ရည်ခွက်ကိုယ်စီကိုင်သောက်နေကြတုန်း ညကအိပ်မပျော်ကြတဲ့အကြောင်းတွေ၊ ခြင်ပေါ်ကြောင်း၊ ပူအိုက်ကြောင်းတွေ ပြောကြတဲ့အခါ ခရီးဖော်လူကြီးနှစ်ယောက်ကသူတို့အခန်းမှာ ခြင်တွေအပြင် အဆိပ်ပြင်းတဲ့ကင်းမြီးကောက်တွေကို တွေ့နေရတာကြောင့် အိပ်မရတဲ့ဒုက္ခတွေနဲ့အတူ ကင်းမြီးကောက်တွေရဲ့အန္တရာယ်တွေကိုပါ စိုးရိမ်နေကြကြောင်း ပြောပြကြတယ်။ အပူပိုင်းဒေသတွေမှာရှိတဲ့ ကင်းမြီးကောက်တွေရဲ့အန္တရာယ်ကို မတွေ့မကြုံမသိရသေးပေမဲ့ ခရီးဖော်လူကြီးတွေရဲ့ ပြောပြချက်အရ အလွန်အန္တရာယ်ကြီးကြောင်း သိလိုက်ရတယ်။ အဆိပ်ပြင်းသလောက် ကြောက်စရာကောင်းတဲ့ သတ္တဝါတွေပါ။

မနက်စာအဖြစ် လမ်းဘေးလက်တွန်းလှည်းပေါ်က အသင့်ဖျော်လက်ဖက်ရည်တစ်ခွက် သောက်ပြီးတဲ့အချိန်မှာ ကျောက်ပန်းတောင်းမြို့ကနေ ထွက်လာခဲ့ကြတယ်။ မြန်မာနိုင်ငံ အပူပိုင်းရပ်ဝန်းဒေသတွေထဲက ကျောက်ပန်းတောင်းမြို့ဆိုတာ ပုဂံခေတ်ကတည်းက တည်ရှိခဲ့တယ်လို့ သမိုင်းအထောက်အထားတွေအရ သိရတယ်။ မြို့အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျောက်တောင်ကြီးတွေက ပန်းတောင်းပုံသဏ္ဍာန်ဖြစ်နေတာကြောင့် ကျောက်ပန်းတောင်းလို့ ခေါ်ဆိုခဲ့ကြတယ်။ အခု ကျောက်ပန်းတောင်းမြို့ကနေ ထွက်လာတဲ့အချိန်မှာတော့ လမ်းဘေးမှာရှိနေတဲ့ တိုက်တာနေအိမ်တွေ၊ သစ်ပင်ကြီး၊ သစ်ပင်ငယ်တွေကြောင့် ကျောက်တောင်ကြီးတွေဆိုတာကို မတွေ့မမြင်ရသေးပါဘူး။ တစ်ဆက်တစ်စပ်တည်း မြင်တွေ့မိတာက ပန်းတောင်းပုံသဏ္ဍာန် ကျောက်တောင်ကြီးဆိုတာက ပုပ္ပားတောင်ကလပ်ကို ရည်ညွှန်းပြောဆိုတာပဲ ဖြစ်မယ်ထင်ပါတယ်။ ကျောက်ပန်းတောင်းမြို့အနီးမှာ ပန်းတောင်းပုံစံ ကျောက်တောင်ကြီးတွေ ရှိမနေကြပါဘူး။

ကျောက်ပန်းတောင်းမြို့ပြင်ကို ရောက်လာတာနဲ့ ဒေသခံတောင်သူတွေရဲ့ စိုက်ခင်းတွေ၊ ထန်းပင်၊ ထန်းတောတွေကို တွေ့မြင်လာရတယ်။ ဒ့ါပြင် လမ်းဘေးတစ်လျှောက် ထန်းပင်၊ ထန်းတောတွေရှိတဲ့နေရာတွေမှာ ထန်းရည်ရောင်းတဲ့ဆိုင်တွေမှာ ခေတ်မီမီပုံစံဒီဇိုင်းအသစ်တွေနဲ့ ဆန်းဆန်းပြားပြား ထူးထူးခြားခြား ခမ်းခမ်းနားနား တွေ့မြင်လာရပြန်တယ်။ ထန်းရည်ဆိုင်တွေက တစ်ဆိုင်နဲ့တစ်ဆိုင် အပြိုင်အဆိုင် ပိုမိုသပ်ရပ်ကောင်းမွန်အောင်၊ ပိုမိုခေတ်မီဆန်းသစ်အောင်၊ ဧည့်သည်တွေကို ပိုမိုစိတ်ဝင်စားမှုရှိအောင်၊ နည်းမျိုးစုံ၊ ပုံသဏ္ဍာန်မျိုးစုံ၊ မြင်ကွင်းမျိုးစုံနဲ့ ပုံဖော်ဖန်တီး ပြုလုပ်တည်ဆောက်ထားကြတယ်။

အရင်တုန်းက ထန်းရည်သောက်မယ်ဆိုရင်အလွန်ကျဉ်းမြောင်းတဲ့ထန်းတဲလေးအတွင်းမှာ ဒါမှမဟုတ် နီးစပ်တဲ့သစ်ပင်ရိပ်အောက်တွေမှာ ဖျာကြမ်းတွေခင်းထားပေးပြီး ထန်းရည်အိုးထဲက ထန်းရည်တွေကို ပလတ်စတစ်ခွက်တွေနဲ့ တစ်ခွက်ချင်းခပ်သောက်ခဲ့ကြရတာပါ။ အမြည်းကလဲ ဒေသထွက် ကြွက်ကြော်နဲ့ ပဲလှော်လောက်ပဲရှိနေတယ်။ ဆိုင်ရှင်တွေကိုယ်တိုင်ကလဲ တောသူတောင်သား ခပ်နွမ်းနွမ်းပုံစံတွေနဲ့ ထန်းတက်ရင်း၊ ထမင်းဟင်းချက်ရင်း၊ အခြားအိမ်အလုပ်တွေလုပ်ရင်း၊ သားငယ်၊ သမီးငယ်လေးတွေကို ထိန်းကျောင်းကြရင်းနဲ့ ရောင်းချနေကြရတယ်။

အခုမြင်တွေ့နေရတဲ့ ထန်းရည်ဆိုင်တွေက အဲဒီလိုမဟုတ်ကြတော့ပါဘူး။ ခေတ်မီဆန်းသစ်ပြီး တီထွင်ဖန်တီးမှုတွေအများအပြား ပြုလုပ်လာကြပါပြီ။ ဆိုင်တွေအားလုံးနီးပါးက သပ်ရပ်ကျယ်ဝန်းလှပကြပါတယ်။ ဆိုင်ရှေ့မှာ ကားရပ်လိုက်တာနဲ့ ငယ်ရွယ်ချောမောတဲ့ စားပွဲထိုးအမျိုးသမီးငယ်လေးတွေ ပြေးထွက်လာကြပြီး ပျူပျူငှာငှာ ဆက်ဆံပြောဆို ကြိုဆိုကြတယ်။ အရင်တုန်းကလို ဖုန်အလိမ်းလိမ်း၊ ချေးအထပ်ထပ်၊ နှပ်ချေးတွဲလောင်းကလေးတွေကို မတွေ့ရတော့ပါဘူး။ ဆိုင်ထဲမှာလဲ တောက်တောက်ပြောင်ပြောင် စားပွဲ၊ ကုလားထိုင်တွေနဲ့ ဖြစ်နေတာကြောင့် အရင်လို ဖျာကြမ်းတွေပေါ်မှာ ထိုင်စရာမလိုတော့ပါဘူး။ စားစရာအမြည်းတွေအနေနဲ့လဲ မြန်မာ၊ တရုတ်၊ ဥရောပ၊ ပင်လယ်စာ စတဲ့အစားအစာမျိုးစုံကို မှာယူစားသောက်နိုင်နေကြပြီဖြစ်တာကြောင့် တစ်ခေတ်တစ်ခါတုန်းကလို တိုင်မှာချိတ်ထားတဲ့ပဲလှော်ထုပ်တွေကို ဆွဲဖြုတ်စားနေစရာ မလိုတော့ပါဘူး။ အရာရာတိုင်းကခေတ်မီဆန်းသစ် တိုးတက်နေကြပါပြီ။

ဒ့ါပြင် ထန်းရည်စစ်စစ်ကို ထန်းပင်၊ ထန်းရွက်၊ ထန်းလက်၊ ထန်းပွင့်၊ ထန်းခိုင်အောက်မှာ သဘာဝကျကျ အဆင့်မြင့်မြင့် သောက်ချင်သူတွေအတွက်လဲ အခက်အခဲမရှိ အဆင်ပြေပြေသောက်သုံးနိုင်အောင် ဖန်တီးပြုလုပ်ပေးထားကြတယ်။ ဒါကတော့ ထန်းပင်တွေမှာ လင့်စင်ကျယ်ကြီးတွေ ထိုးထားပေးပြီး ထန်းလုံး၊ ထန်းတိုင်၊ ထန်းသားတွေနဲ့ လှလှပပ တည်ဆောက်ပုံဖော်ထားတဲ့ လှေကားတွေကနေ အပေါ်ကို လွယ်လွယ်ကူကူ တက်ရောက်သွားလို့ရနေတယ်။ အရင်လို ရင်းထောင်၊ ရင်းဆွဲတွေနဲ့ တက်စရာမလိုတော့ပါဘူး။ လင့်စင်တွေကို ထန်းပင်တွေရဲ့အပေါ်ပိုင်း ထန်းရွက်၊ ထန်းလက်တွေရဲ့အောက်မှာ လူတစ်ထိုင်စာ၊ လူတစ်ရပ်စာလွတ်အောင် ထိုးပေးထားကြတယ်။ နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်ခံနိုင်အောင်လို့လဲ အမိုးအကာတွေကို ကျေးလက်ဆန်ဆန် ပြုလုပ်ဖန်တီးပေးထားကြတယ်။ မနက်စောစော ဖြစ်နေပေမဲ့ ပုဂံလမ်းက ခေတ်မီမီထန်းရည်ဆိုင်တွေကို လှေ့လာကြည့်ရှုလိုက်ပါအုံးမယ်။

# သထုံမြို့နယ်တွင် လက်ရာတူ၊ ပုံစံတူ အုတ်ခွက်ဘုရား ၁၈ ဆူ ထပ်မံတွေ့ရှိ



**သထုံ ဩဂုတ် ၃၁**

မွန်ပြည်နယ် သထုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းမှ ယခင်က တွေ့ရှိခဲ့ဖူးသည့် လက်ရာတူ၊ ပုံစံတူ အုတ်ခွက်ဘုရား ၁၈ ဆူ ထပ်မံတွေ့ရှိထားကြောင်း မွန်ပြည်နယ် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း အဆောက်အအုံသစ်ဆောက်လုပ်ရန်မြေတူးရာ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါ အုတ်ခွက်ဘုရားများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် အဆိုပါအုတ်ခွက်ဘုရား ၁၈ ဆူကို အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ဘုရားဆောင်တွင် အပူဇော်ခံထားရှိကြောင်း သိရသည်။

"ဩဂုတ် ၃၀ ရက် မနက် ၉ နာရီလောက်တုန်းက ကျောင်းဆောင်သစ်ဆောက်ဖို့ မြေတူးရာကနေ အုတ်ခွက်ဘုရားတွေကို တူးဖော်ရရှိခဲ့တာပါ။အခုအုတ်ခွက်ဘုရားတွေကို အထက (၄) ကျောင်း ဘုရားခန်းထဲမှာ အပူဇော်ခံထားရှိပါတယ်။ အရင်တုန်းကလဲ သထုံမြို့ထဲမှာ အုတ်ခွက်ဘုရားတွေ တူးဖော်ရရှိခဲ့ဖူးပြီး တချို့အကြိမ်တွေမှာဆိုရင် အုတ်ခွက်ဘုရားအဆူရေ ထောင်ကျော်ထိ ရရှိခဲ့ ဖူးပါတယ်"ဟု သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်အေးခန့်က ပြောပြသည်။

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်အတွင်း ၂၀၁၅ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်ကတစ်ကြိမ် ရွှေဟောင်းအုတ်ခွက်ဘုရားများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ASH

# အိုင်းရင်းဇင်မာမြင့်၏ Birthday Show အစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် ဩဂုတ် ၃၁**

အဆိုတော် အိုင်းရင်းဇင်မာမြင့်၏ Birthday Show အစီအစဉ်ကို စက်တင်ဘာ ၂ ရက်နှင့် ၃ ရက် ည ၉ နာရီတွင် M Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုတော် အိုင်းရင်းဇင်မာမြင့်က ပြောပြ၍ သိရသည်။

အဆိုတော် အိုင်းရင်းဇင်မာမြင့်၏ Birthday Show အစီအစဉ်ကို ၎င်း၏မွေးနေ့ဖြစ်သည့် ဩဂုတ် ၂၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ The Heart Of Yangon တွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး M Entertainment Channel မှ Birthday Show အစီအစဉ်ကို ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

"မွေးနေ့ဖျော်ဖြေပွဲမှာ အမိုက်စား ဖျော်ဖြေတင်ဆက်မှုတွေကို ဖန်တီးထားပါတယ်။ အိုင်းရင်းရဲ့ မွေးနေ့ရှိုးလေးကို LUCKY HAND MUSIC BAND ရဲ့ တီးခတ်မှုနဲ့အတူ ပရိသတ်အကြိုက် သီချင်းတွေနဲ့ အကောင်းဆုံးအားရပါးရဖျော်ဖြေခဲ့ပါတယ်။ မသိလိုက်တဲ့ ပရိသတ်တွေအတွက် M Entertainment Channel မှာ ထပ်မံအားပေးကြပါလို့"ဟု အဆိုတော် အိုင်းရင်းဇင်မာမြင့်က ပြောပြသည်။




အဆိုတော် အိုင်းရင်းဇင်မာမြင့်သည် မွေးနေ့ဖျော်ဖြေမှုအပြင် မွေးနေ့အလှူအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာဌာန၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ခရစ်ယာန်မိတ်သဟာရ မျက်မမြင်ကျောင်းတို့သို့ အလှူငွေများ လှူဒါန်းခဲ့သည့်အပြင် ခွေးရောင်နှလုံးသား တိရစ္ဆာန်ကယ်ဆယ်ရေး Golden Heart Animals Rescue Yangon ဂေဟာမှ ခွေးကောင်ရေ ၈၀၀ အတွက် အစားအစာများလည်း ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# သဘင်စတား အငြိမ့်သဘင်ပြိုင်ပွဲကို စက်တင်ဘာလအတွင်း ကျင်းပပြီး fortune tv မှ ထုတ်လွှင့်တင်ဆက်သွားမည်

**ရန်ကုန် ဩဂုတ် ၃၁**

ဝါရင့်သဘင်အနုပညာရှင်များ အကဲဖြတ်အဖြစ် ဆောင်ရွက်ပေးမည့် သဘင်စတား အငြိမ့်သဘင်ပြိုင်ပွဲတစ်ရပ်ကို စက်တင်ဘာလအတွင်း ကျင်းပပြီး fortune tv မှ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ပါဝင်မည့် သဘင်အနုပညာရှင် တင်မောင်ဆန်းမင်းဝင်းက ပြောပြ၍ သိရသည်။

အဆိုပါသဘင်စတား အငြိမ့်သဘင်ပြိုင်ပွဲကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမည့် ဇာတ်မင်းသား၊ အငြိမ့်မင်းသမီးများ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကိုယ့်ယဉ်ကျေးမှုတွေ ဖျက်ဆီးနေလား။ ရောက်ပြီလား၊ မရောက်သေးဘူးလား အဲဒီလိုအတိုင်းအတာနဲ့ ကျွန်တော်တို့ ရှေ့ဆက်သွားရမှာဖြစ်ပါတယ်။ အခုဟာ Contemporary ပြိုင်ပွဲအနေနဲ့ သဘင်စတား ပြုလုပ်တာဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြဖို့လဲ အများကြီး ဖိတ်ခေါ်ပါတယ်။ အနောက်တိုင်းအကတွေ ခေတ်စားနေတဲ့အချိန်မှာ အနောက်တိုင်းအကနဲ့အတူ မြန်မာအကတွေလဲ ပါသွားစေချင်တဲ့ဆန္ဒပါ။ ဒီဆန္ဒနဲ့အတူ ပြိုင်ပွဲကိုစီစဉ်တာဖြစ်ပါတယ်။ တကယ်စိတ်ဝင်စားတဲ့ အနုပညာသည်တွေ လိုအပ်ပါတယ်။ ကျွန်တော်တို့က နောက်လာမဲ့ မင်းသားတွေ ထပ်ပေါ်စေချင်ပါသေးတယ်။ ကျွန်တော်တို့ကပဲ ကနေလို့ ကျန်နေတာလား။ မြန်မာ့အနုပညာဇာတ်သဘင်ကို မြတ်နိုးတာဖြစ်တဲ့အတွက် အနောက်တိုင်းအကနဲ့ မြန်မာအကကိုကော ပါစေချင်တာပါ"ဟု ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။

အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်များအဖြစ် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၊ ဇာတ်မင်းသားကြီး နန်းဝင်း၊ အငြိမ့်မင်းသမီး ရေကြည်ချမ်းမြ၊ ဇာတ်မင်းသမီးကြီး ပတ္တမြားကေခိုင် စသည့် ဝါရင့် သဘင်အနုပညာရှင်များက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Killers of the Flower Moon ကို အောက်တိုဘာ ၂၀ ရက်မှစ၍ကမ္ဘာတစ်ဝန်းရုံတင်ပြသမည်

**နယူးယောက် ဩဂုတ် ၃၁**


Killers of the Flower Moon ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၂၀ ရက်မှစ၍ ကမ္ဘာတစ်ဝန်းရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

Killers of the Flower Moon ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ မာတင်စကော်စီစီက ရိုက်ကူးပေးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားသည် အိုကလာဟိုးမားပြည်နယ်၌ ၁၉၂၀ ပြည့်နှစ်အတွင်း ဌာနေတိုင်းရင်းသားများ ထူးဆန်းစွာအသတ်ခံရမှုနှင့် ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးအေဂျင်စီ(အက်ဖ်ဘီအိုင်) စတင်မွေးဖွားလာမှုတို့ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရောဘတ်ဒီနီရိုး၊ လီယိုနာဒိုဒီကာပရီယိုနှင့် မင်းသမီး လီလီဂလက်စတုန်းတို့ပါဝင်ထားသည်။

အဆိုပါဇာတ်ကားသည် လာမည့်နှစ် အော်စကာဆုပေးပွဲ၌ ထိပ်တန်းအော်စကာဆုများ ရယူနိုင်ဖွယ်ရှိသည်ဟု ရုပ်ရှင်ဝေဖန်ရေးသမားများက သုံးသပ်ထားကြောင်း သိရသည်။

KKO




# Crime 101 ဇာတ်ကား ထုတ်လုပ်ဖြန့်ချိခွင့်ရရှိရေး Netflix နှင့် Amazon တို့အပြိုင်ကြိုးစားနေ

**နယူးယောက် ဩဂုတ် ၃၁**

Crime 101 အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်ကို တာဝန်ယူထုတ်လုပ်ဖြန့်ချိခွင့်ရရှိရေးအတွက် Netflix နှင့် Amazon ရုပ်ရှင်စတူဒီယိုတို့က အပြိုင်ကြိုးစားနေကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

Netflix နှင့် Amazon တို့ အနေဖြင့် Crime 101 ဇာတ်ကားကို မူပိုင်ခွင့်ရယူရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထိ သုံးစွဲရန် ဆန္ဒရှိနေကြသည်။

Crime 101 ဇာတ်ကားသည် စာရေးဆရာ ဒွန်ဝင်းစလိုး၏ ခေါင်းစဉ်တူ မှခင်းဝတ္ထုကို အခြေခံရိုက်ကူးမည့် မှုခင်းအက်ရှင်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား ခရစ်ဟမ်းစဝ့်နှင့် ပက်ဒရိုပါစကမ်တို့ ပါဝင်ဖွယ်ရှိကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက် မရသေးသော်လည်း Crime 101 ဇာတ်ကားမူပိုင်ခွင့်ကို Apple စတူဒီယိုက ရယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

Crime 101 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ဟောလိဝုဒ်ဇာတ်ညွှန်းရေးဆရာများနှင့် သရုပ်ဆောင်များ သပိတ်ပြီးဆုံးချိန်မှသာ စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

KKO



# Work coordination meeting on Maravijaya Buddha Image, the tallest stone Buddha Statue in the seated posture in the world, held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing cordially greets pilgrims from far and near


Senior General Min Aung Hlaing goes round on the pagoda platform.


Senior General Min Aung Hlaing greets pilgrims.

**Nay Pyi Taw August 31**

A work coordination meeting on Maravijaya Buddha Image, which is the tallest stone Buddha Statue in the seated posture in the world located in Dekkhinathiri Township, Nay Pyi Taw, Union Territory, was held at the Office of the Broad of Trustees in Maravijaya Buddha Park this afternoon.

Present were the main donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, Advisor to the SAC Chairman Lt-Gen Nyo Saw, Union Minister for Religious Affairs and Culture U Tin Oo Lwin, Union Minister for Energy U Ko Ko Lwin, Union Minister for Construction U Myo Thant, Lt-Gen Kyaw Swa Lin, Lt-Gen Kan Myint Than and senior military officers from Office of Commander-in-Chief (Army), the Nay Pyi Taw Command commander and officials.

First, Lt-Gen Nyo Saw reported on programs being implemented in accord with the guidance of the Senior General for the convenience of pilgrims, daily visits of pilgrims including monks, lay persons, civil servants, students, foreign guests, the total number of pilgrims that reached 338110 -- 8241 monks, 1998 nuns, 327871 lay persons – during the period from the inauguration date to 30 August, free administration allowed for monks, nuns and students visiting the Image under the program of their school, and 50% discount for civil servants who show their ID, completion of Ticket House and trial runs, generous donations made by local and foreign pilgrims, donation of accessories for the Image by social organizations, availability of purified drinking water for pilgrims, beautifying and sanitation undertakings in and around the pagoda compound, installation of solar power lights to reduce electricity consumption, car and motorcycle parking lots, plans to set up panel of patrons of the Image, maintenance and protection steering committee, board of trustees, support teams, arrangements to carry out services and related activities for the Image, sustainability of the Image.


Senior General Min Aung Hlaing chats with a pilgrim.

Then Lt-Gen Kyaw Swa Lin reported on appointment of staff for the Image, Union Minister U Tin Oo Lwin on formation of board of trustees, Brig-Gen Zaw Naing Oo on progress in implementing the directives of the Senior General, construction of two Yahanda religious buildings, a 360 degree video recording of the Image, fountain square and *See Page 13*


Senior General Min Aung Hlaing hears a report at the meeting.



# Number of trucks surges to export tissue-cultured banana to China from Kachin State


Kampaiti border trade camp seen with cargo trucks.

**Myitkyina August 31**

Number of cargo trucks is on the rise in exporting tissue-cultured banana from Kachin State to China via Kampaiti border camp, said Vice Chair Daw Tu of Kachin State Highway Cargo Transport Entrepreneurs Association.

Currently, export volume of tissue-cultured banana leading to China from Kachin State resurges at the border camp Kampaiti. In the first week of August, number of truck was used at the border camp to export banana but its number rises at the camp.

"The 12-wheeled vehicles transport tissue-cultured banana to China from Kachin State. But, number of 22-wheeled vehicles are larger," she added.

More than 100 trucks were used in transport of tissue-cultured banana in Kachin State in the first week of August, compared to more than 250 trucks in the last week of August.

Banana plants are grown in Waingmaw, Momauk and Bhamo townships of Kachin State starting from 2006. The statistics of Kachin State government showed that there are more than 60,000 acres of tissue-cultured banana plantat6ion across Kachin State. 184

# Kyaunggon Township gets K75,000 per 10 viss of fresh chilli

**Kyaunggon August 31**

Fresh chilli in Kyaunggon Township of Ayeyawady Region fetches K75,000 per viss, said Daw Tin Tin Oo, owner of agricultural produce trading depot in the township.

Such kinds of fresh chilli fetched K45,000 per 10 viss in June and July, compared to K75,000 per viss in August due to high demand from Yangon market.

She continued, "Price of fresh chilli gradually increases in the township from June to date. Market demand from Yangon helps rice the price of fresh chilli. This year, high price of chilli creates convenience of local growers and businesspersons."

Local farmers cultivate paddy in addition to chilli in Kyaunggon Township. Generally, each farmer cultivates some five acres of chilli and produce quality fruits. At present, local farmers, farming workers and businesspersons can earn increased incomes from fresh chilli.

Kyaw Kyaw Lin


Fresh chilis for sale at a market.

# Plan to take prevention of high prices in sale of cooking oil to end users

**Yangon August 31**

Arrangements are being made to restrict high price sales of cooking oil to end users, according to a press release issued by the Myanmar Oil Dealers Association on 28 August.

The association arranges easy buying of cooking oil at reduced prices and distribution of oil to the people on a wider scale.

The association formed the cooking oil price stability working group on 28 August in order to enable people to purchase oil at reference prices and distribute oil to the market in a transparent manner.

The working group comprises management committee members of the association, representatives from UMFCCI, oil importer companies and others.

Such efforts aim to sell cooking oil at reduced prices for the people to purchase oil at reference prices and prevent high prices of oil for end users.

On 26 August, Six Winner Brothers Co Ltd decided to sell its remaining oil under its management. Such a company is one of 16 oil companies. But, the former company mentioned its plan to sell the oil under the supervision of the working group at the meeting held at the Bayintnaung depot.

Hence, the association supervises sales of cooking oil at the domestic market at less than 10 per cent profit for retail and two per cent for net profit including general cost at the market.

Moreover, UMFCCI cooperates with the Myanmar Oil Dealers Association sell cooking oil at K4,400 per viss to the people in townships of Yangon Region by mobile market vehicle. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

stone tablet pagodas by a drone, erection of Eingaday Seintaung outside Gandakudi Hall, construction of two prayer halls, installation of hand-washing basins, construction of the entrance road to Gandakudi Hall, Union Minister U Myo Thant on progress in paying the entrance road to the Image from Yangon-Mandalay expressway and a U-turn, Nay Pyi Taw Vice Mayor U Maung Maung on progress in building a freeway and road extension works on Sabel Street (Yazathingaha junction) in Dekkinathiri, extension of Thitkwa street and upgrading of Myatmingala street, Nay Pyi Taw Command Commander Maj-Gen Saw Than Hlaing on security matters, Deputy Minister for Information Maj-Gen Zaw Min Tun on compilation of a documentary book on the erection of the Image.

As regards the presentations, the Senior General spoke of the need to arrangement buggy transportation programs for monks, elder persons and persons with disabilities, systematically appoint staff and assign duties, plant trees for the greening and beautifying the pagoda compound, prohibit dining in Gandakudi Halls, carry out systematic beautifying and cleaning programs in the compound of the Image, systematize incoming and outgoing roads and parking areas.

In his closing address, the Senior General said during a three-month the trial run period, provisional rules, instead of permanent rules, should be applied for pilgrims. As regards the entrance permission, the most satisfactory means should be applied and allow free entry for all pilgrims. Reasonable fees should be collected only on phone cameras, video cameras and armature photographing. Only the private cars should be allowed to enter the pagoda compound and a reasonable parking fee must be collected. Systematic maintenance work should be carried out for the long-term existence of the Image. It is the tallest stone Buddha Statue in the seated posture in the world and the pride of Myanmar. Based on experience during the three-month period, long-term needs for manpower, financial matters and management functions must be calculated to arrange long-term plans to protect and maintain the Image.

After the meeting, the Senior General and party went on a pilgrimage tour of the pagoda platform and stone tablet chambers. The Senior General also cordially greeted the pilgrims.

The ceremony to consecrate the Maravijaya Buddha Image, hoist sacred umbrellas atop stone tablet pagodas and share the merits was held on 1 August on a grand scale. Public obeisance of the Image was allowed on 8 August. A large number of pilgrims including people of the religious order from the entire country have been visiting the Image daily since then. 100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်နိုင်ငံက အီလက်ထရွန်နစ်စစ်ဆင်ရေး အကြီးစားလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့



အီရန်စစ်ဘက်သည် ရန်သူဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များ ပုံစံတူပြုလုပ်၍ အီလက်ထရွန်နစ်စစ်ဆင်ရေး အကြီးစားလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Shield of Velayat's Guardians ဟုအမည်ပေးထားသည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အီရန်ရေတပ်၊ ကြည်းတပ်၊ မြေပြင်တပ်ဖွဲ့နှင့် လေတပ်တို့မှ တပ်ရင်း၊ တပ်ဖွဲ့များစွာ ပါဝင်ခဲ့ကြသည်။

ပြည်တွင်းထုတ် ရေဒါများ၊ ဒရုန်းများ၊ မိုက်ခရိုဒရုန်းများနှင့် အခြားစစ်လက်နက်ပစ္စည်းများကို လေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံ၏အလယ်ပိုင်း၊ သဲကန္တာရဒေသတွင် တပ်စွဲထားခဲ့သည်။

အီရန်နိုင်ငံပိုင် အသံလွှင့်ဌာနတစ်ခု၏အဆိုအရ အဆိုပါလေ့ကျင့်မှုသည် စစ်ဘက်ကို အီရန်၏ မြေပြင်အခြေစိုက်၊ မိုဘိုင်း၊ မြေပြင်နှင့်ဝေဟင်အခြေခံအီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ၏ စွမ်းဆောင်ရည်နှင့်ထိရောက်မှုကို အကဲဖြတ်ဆန်းစစ်နိုင်စေခဲ့ကြောင်း သိရသည်။

Shield of Velayat's Guardians စစ်ရေးလေ့ကျင့်မှုတွင် အမျိုးမျိုးသော စစ်နည်းပရိယာယ်များကို ရေဒီယိုနှင့် ဒေတာချိတ်ဆက် ဆက်သွယ်မှုများ ခွဲခြားစိစစ်သတ်မှတ်ခြင်း၊ ရန်သူရေဒါစနစ်များကို အနှောင့်အယှက်ပေးခြင်းနှင့် အဖွဲ့လိုက်တိုက်ခိုက်သည့် စစ်ဆင်ရေးများလုပ်ဆောင်ခြင်းအပါအဝင် နည်းမျိုးစုံကိုစမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုအတွင်း ပုံစံတူပါဝင်ပြုလုပ်ခဲ့သည့် ရန်သူလေယာဉ်အမျိုးအစားများကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

စစ်ရေးလေ့ကျင့်မှု၏ ရည်မှန်းချက် ၉၅ ရာခိုင်နှုန်းကျော် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စစ်ရေးလေ့ကျင့်မှုအတွင်း အသုံးပြုခဲ့သော မဟာဗျူဟာများအားလုံးသည် အီလက်ထရွန်နစ်စစ်ပွဲတွင် အီရန်နိုင်ငံ၏ ကြီးမားသောတိုးတက်ဖွံ့ဖြိုးမှုကို ထင်ဟပ်နေကြောင်း ကြည်း၊ ရေ၊ လေ ညှိနှိုင်းဆောင်ရွက်ရေး ဒုတိယအကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး Habibollah Sayyari က ပြောကြားခဲ့သည်။

"အီရန်စစ်ဘက်မှာ သင့်လျော်တဲ့ အခြေခံအဆောက်အအုံတွေရှိပြီး ဒီနေ့ကမ္ဘာမှာ ခြိမ်းခြောက်မှုတွေကို တန်ပြန်ဖို့နဲ့ အရေးကြီးပြီး ရှုပ်ထွေးနက်နဲတဲ့ ဒီလိုမျိုးနယ်ပယ်မှာ အနာဂတ်ခြိမ်းခြောက်မှုတွေကို ကြိုတင်ခန့်မှန်းရာမှာ ကောင်းမွန်တဲ့ရလဒ်တွေ ရရှိခဲ့ပါတယ်"ဟု Habibollah Sayyari က ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် မည်သည့်ခြိမ်းခြောက်မှုအမျိုးအစားကိုမဆို တန်ပြန်လုပ်ဆောင်ရန် အပြည့်အဝအဆင်သင့်ဖြစ်နေပြီဖြစ်သော်လည်း အီရန်သည် အခြားနိုင်ငံများအပေါ် ရန်လိုသည့်လုပ်ရပ်မျိုး ဘယ်သောအခါမျှ လုပ်ဆောင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အီရန်၏ အီလက်ထရွန်နစ်စစ်ပွဲလေ့ကျင့်မှုသည် အစ္စရေးဘက်မှ ဒေသတွင်း ရန်သူဒရုန်းအန္တရာယ် ခြိမ်းခြောက်မှုတိုးလာနေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ အစ္စရေးလေတပ်သည် မဟာဗျူဟာမြောက် ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းလုပ်ငန်းများအတွက် အလယ်အလတ်အမြင့်၊ လေထဲတွင်ကြာရှည်ပျံသန်းနိုင်စွမ်းရှိသည့် Heron ဒရုန်းအပါအဝင် မောင်းသူမဲ့လေကြောင်းစနစ်အမျိုးမျိုးကို လက်ရှိတွင် ပိုင်ဆိုင်ထားသည်။

**Iran Holds Large-Scale Electronic Warfare Exercise ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနိုင်ငံက လာမည့်နှစ်နှစ်အတွင်း လေဆာကာကွယ်ရေးစနစ်ကို ပိုင်ဆိုင်နိုင်တော့မည်


အစ္စရေးနိုင်ငံသည် လာမည့်နှစ်နှစ်အတွင်း လေဆာကာကွယ်ရေးစနစ်ကို ပိုင်ဆိုင်နိုင်တော့မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံ Rafael Advanced Defence Systems ဥက္ကဋ္ဌ Yuval Steinitz က ဩဂုတ် ၂၇ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုမှစ၍ တစ်နှစ်အတွင်း အစ္စရေးသည် တစ်စိတ်တစ်ပိုင်းလေဆာကာကွယ်ရေးစနစ် ပိုင်ဆိုင်ထားနိုင်သည့်ပထမဆုံးနိုင်ငံ ဖြစ်လာမည်ဖြစ်သည်။ နှစ်နှစ်အတွင်းတွင် ဒုံးကျည်များ၊ အမြောက်၊ မော်တာကျည်များ၊ ဒုံးကျည်များ သို့မဟုတ် အခြားအရာများကို ကာကွယ်နိုင်စွမ်းရှိသည့် လေဆာကာကွယ်ရေးစနစ်ကို ပိုင်ဆိုင်နိုင်တော့မည်ဖြစ်ပြီး နိုင်ငံ၏တောင်နှင့်မြောက်ဘက်မှ ဝင်ရောက်လာမည့် ခြိမ်းခြောက်မှုများရန်မှ ကျွန်ုပ်တို့ကို ကာကွယ်နိုင်စွမ်းရှိမည်ဖြစ်သည်ဟု Steinitz က ပြောကြားခဲ့သည်။

"လေဆာကာကွယ်ရေးစနစ်က တကယ့်ကို သတင်းကောင်းပါပဲ။ မြေပြင်နဲ့ ဝေဟင်အခြေပြု လေဆာလက်နက်စနစ်နှစ်မျိုးစလုံး ပိုင်ဆိုင်နိုင်ဖို့ရှိပါတယ်။ အချိန်ကာလနဲ့ပတ်သက်ပြီးတော့ သတိထားလုပ်ဆောင်နေပါတယ်။ နောက်နှစ်နှစ်မှာ ဒီလေဆာလက်နက်ကိရိယာရဲ့ ထိရောက်မှုကိုစမ်းသပ်ဖို့အတွက် ဂါဇာကမ်းမြောင်နယ်စပ်တစ်လျှောက်မှာ စနစ်တွေကိုဖြန့်ကြက်သွားနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) မှ အငြိမ်းစား ဦးစီးအရာရှိ တစ်ဦးဖြစ်သူ Aviv Kohavi က ဇန်နဝါရီလတွင် ပြောကြားခဲ့သည်။

"လက်တွေ့ကွင်းဆင်းစမ်းသပ်စစ်ဆေးမှုတွေမှာ အလွန်ကောင်းမွန်တဲ့ ရလဒ်တွေ ရရှိခဲ့ပါတယ်။ တကယ်လို့ စမ်းသပ်ချက်အလုပ်ဖြစ်ရင် ကျွန်တော်တို့အနေနဲ့ လေဆာကာကွယ်ရေးစနစ်ကို နှစ်နှစ်ကျော်အတွင်း အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်မှာဖြစ်ပြီး နိုင်ငံမြောက်ဘက်ဒေသတစ်ခုလုံးမှာ ဖြန့်ကြက်ချထားဖို့ တတ်နိုင်သမျှ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ တိတိပပအချိန်ကာလတော့ ပြောလို့မရသေးပါဘူး။ အကောင်းမြင်စိတ်နဲ့ ဇွတ်အတင်းမပြောချင်သလို အဆိုးမြင်စိတ်နဲ့လဲ မဖြစ်နိုင်ဘူးလို့ ပြောလို့မရတဲ့အနေအထားတစ်ရပ်ပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

Rafael Advanced Defence Systems ထုတ် Iron Beam သည် အနှစ် ၂၀ ခန့်ကြာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး Rafael မှထုတ်သော Iron Dome လေကြောင်းရန် ကာကွယ်ရေးတပ်ခွဲများအတွင်းသို့ တိုက်ရိုက်ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်သည်။ ယခုအချိန်ထိ Iron Dome သည် ဂါဇာမှ ပစ်လွှတ်သောလေကြောင်းခြိမ်းခြောက်မှု ၉၅ ရာခိုင်နှုန်းခန့်ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်။



Iron Beam လေဆာစနစ်ကိုတပ်ဖြန့်အသုံးပြုနိုင်ခြင်းသည် IDF အနေဖြင့် လေဆာရောင်ခြည်သုံး ကာကွယ်ရေးစနစ်ပိုင်ဆိုင်ထားပြီဖြစ်ရာ ရန်သူလေကြောင်းခြိမ်းခြောက်မှုများကို ပျက်ပြယ်စေရန်အတွက် အမေရိကန်ဒေါ်လာအနည်းငယ်သာ ကုန်ကျတော့မည်ဖြစ်သည်။

ထို့ကြောင့် IDF သည် ငွေကြေးကုန်ကျမှုချွေတာနိုင်ရန်မျှော်မှန်းထားပြီး အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန် Tamir ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ပါက ဆီနှင့်ရေလိုကွာခြားမည်ဖြစ်ကာ ပြန်လည်ဖြည့်တင်းထုတ်လုပ်ရန်လည်း မလိုအပ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန အတွင်းသတင်းများအရ သိရသည်။

လေဆာရောင်ခြည်သည် ၎င်း၏ပစ်မှတ်ကို စက္ကန့်ပိုင်းအတွင်း ပစ်ခတ်ဖျက်ဆီးနိုင်စွမ်းရှိသည်။ သို့သော် လေဆာစနစ်၏အားနည်းချက်တစ်ခုမှာ အစ္စရေး၏ Iron Dome ထက် အကွာအဝေးပိုတိုပြီး ငါးမိုင်မှ ခြောက်မိုင်အကွာရှိ ပစ်မှတ်များကိုသာ ထိမှန်ဖျက်ဆီးနိုင်မည်ဖြစ်သည်။ လေဆာသည် တစ်ကြိမ်လျှင် ပစ်မှတ်တစ်ခုတည်းကိုသာတိုက်ခိုက်နိုင်သော်လည်း Iron Dome သည် ခြိမ်းခြောက်မှုများစွာကို တစ်ပြိုင်နက် ကြားဖြတ်တုံ့ပြန်နိုင်စွမ်းရှိကြောင်း သိရသည်။

လေဆာရောင်ခြည်ကို ၁၀ ကီလိုမီတာအကွာအဝေးရှိ အကြွေစေ့တစ်စေ့၏ အချင်းမျှရှိသော ပစ်မှတ်မျိုးကိုပင် တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း Rafael ၏ ကြည်းတပ်နှင့် ရေတပ်ဌာနခွဲ အမှုဆောင်ဒုတိယဥက္ကဋ္ဌ Ran Gozali က ပြောကြားခဲ့သည်။

**Israel Looks to Implement Laser Defense System in Next Two Years ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ၊ ပရဆေး၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံ ၂၄၅၇၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကြက်သွန်စိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ၊ ပရဆေး၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံ ၂၄၅၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ၊ ပရဆေး၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံ ၂၆၄၅၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၅၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စားဖိုဆောင်သီးနှံ၊ ပရဆေး၊ နှစ်ရှည်ပင်နဲ့ အခြားသီးနှံပေါင်းဧက ၂၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ၂၄၅၇၉ ဧက စိုက်ပျိုးပြီးစီးပါပြီ။ စားဖိုဆောင်သီးနှံ၊ ပရဆေး၊ နှစ်ရှည်ပင်နဲ့ အခြားသီးနှံတွေကို လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် စားဖိုဆောင်သီးနှံ ၂၇ ဧက၊ ပရဆေးပင် ၇၉၈ ဧက၊ နှစ်ရှည်ပင် ၅၇၈၉ ဧက၊ အခြားသီးနှံ ၁၇၉၆၅ ဧက စုစုပေါင်း ၂၄၅၇၉ ဧကဖြစ် ကြောင်း၊ လျာထားမှုအနေဖြင့် စားဖိုဆောင်သီးနှံဧက ၃၀၊ ပရဆေးပင် ၇၉၈ ဧက၊ နှစ်ရှည်ပင် ၅၇၈၉ ဧက၊ အခြားသီးနှံ ၁၉၈၄၂ ဧက စုစုပေါင်း ၂၆၄၅၉ ဧကဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်အောင် ကာကွယ်နည်းလမ်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မြောက်ဦးမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**မြောက်ဦး ဩဂုတ် ၃၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အုတ်ဖိုကန်- သံချောင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းရန်နိုင်သူ၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ ရခိုင်ပြည်နယ်တာဝန်ခံ ဦးမောင်မောင်မိုဝင်း၊ မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးစောထွန်းနိုင်၊ ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်မည့်နေရာ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းရန်နိုင်သူက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။



အုတ်ဖိုကန် -သံချောင်း ကျေးရွာချင်းဆက်လမ်း အရှည် ၁၇၁၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၀ ဒသမ ၁၇၅ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# လားရှိုးခရိုင်အတွင်းရှိ လမ်းများတွင် ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် အခြားလမ်းတံတားလုပ်ငန်းများ ဆောင်ရွက်မည်

**လားရှိုး ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် အခြားလမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးရဲနောင်က ပြောပြ၍ သိရသည်။

လားရှိုးခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်စေရေးအတွက် ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် အခြားလမ်းတံတားလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၂၃၇၀ ဒသမ ၈၃၉ သန်းဖြင့် လာမည့် အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပစ္စည်းများ စုဆောင်းနေကြောင်း သိရသည်။

"လားရှိုးခရိုင်အတွင်းက လမ်းတွေမှာ လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်စေဖို့အတွက် လမ်းတံတားလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာပါ။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လဲ အကျိုးပြုစေမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးရဲနောင်က ပြောပြသည်။

လားရှိုးခရိုင်အတွင်းရှိ နမ့်မျှော်- မိုင်းယော် - မိုင်းကျုက် - ကာမိုင်း- ဟိုလီလမ်း၊ နမ့်ပေါင်-မန်ပန်-နောင်လိုင်လမ်း၊ လားရှိုးဘူတာရုံ-လားရှိုးကြီးလမ်း၊ ကွမ်းလုံ-ရှောင်တိလင်-လုံထန်လမ်း၊ နားတီး-ကာမိုင်း-ဖာဆန်လမ်း၊ တိန်းတန်ရွာအဝင်လမ်းတို့တွင် ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမာခံလမ်းပုခုံးပြုပြင်ခြင်း၊ မြေတောင်ချဲ့ခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း၊ ပေ ၅၀ ထိ တံတား၊ Box Culvert တည်ဆောက်ခြင်း၊ လမ်းနယ်တိုင်၊ မိုင်၊ ဖာလုံတိုင်များပြုလုပ်ခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၁-၈-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပစဉ်။

☆ ကျောဖုံးမှအဆက်

ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တစ်ဖွဲ့ချင်းသီးခြားစီလက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် တစ်ဖွဲ့ချင်းစီ၏တင်ပြချက်များ၊ ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊LDU၊PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တတိယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ ခေါ်မြရာဇာလင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင်တို့ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ ခေါ်မြရာဇာလင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြပြီးနောက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဩဂုတ် ၂၉ ရက်မှ ယနေ့ထိ ကျင်းပခဲ့ပြီး ပြောရေးဆိုခွင့်ရှိသူများက ငြိမ်းချမ်းရေးအတွက် လက်ရှိဆွေးနွေးဆောင်ရွက်နေမှု၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့သည်။



အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဝဏ္ဏအောင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့သည် နိုင်ငံတကာအသိသက်သေများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့မှ သံတမန်များ၊ ပြည်တွင်း အသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြသည့်အပြင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် သမိုင်းဝင်စာချုပ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နှစ်ဖွဲ့ ထပ်မံပါဝင်လက်မှတ်ရေးထိုးခဲ့သဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့နှင့် နိုင်ငံရေးပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်မည်၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း အကောင်အထည်ဖော်မည်ဆိုသည့် အချက်များနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးအတွက် ပုဒ်မများမှ ၂၂ ချက်တို့ကိုသဘောတူညီခဲ့ကြကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) က UN အဖွဲ့အစည်းနှင့်ပေါင်းစပ်ပြီး အမှန်တကယ်လိုအပ်မည့်ဒေသများသို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်၍ အကူအညီများရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ၌ ကရင်ပြည်နယ်တွင် သံတောင်ကြီးမြို့နယ်၊ လိပ်သို၊ ယာသိုဒေသ၊ မြဝတီမြို့နယ် လေ့ကေ့ကော်ဒေသ၊ ရခိုင်ပြည်နယ်တွင် ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြောက်ဦးမြို့နယ်၊ ရှမ်းပြည်နယ်တွင် ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်သူများထံသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ နောက်ပိုင်းတွင်လည်း ယခုကဲ့သို့ အကူအညီများကို လိုအပ်သည့်ဒေသများသို့ JMC က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ခေါ်မြရာဇာလင်းက NCA စာချုပ်သည် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအတွက် အနှစ်သာရရှိသည့် စာချုပ်ဖြစ်ကြောင်း၊ NCA စာချုပ်သည် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား တရားဝင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် စာချုပ်လည်းဖြစ်ကြောင်း၊ အဆိုပါစာချုပ်တွင် အစိုးရကိုယ်စားလှယ်အဖြစ် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတနှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်တွင်းနှင့် နိုင်ငံတကာ အသိသက်သေများလည်း ပါဝင်ခဲ့ကြကြောင်း၊ အဆိုပါစာချုပ်ကိုအခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ NCA သည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သဘောတူစာချုပ်ဖြစ်သဖြင့် တရားဝင်စာချုပ်ဖြစ်ပြီး ပျက်ပြယ်မှုမရှိကြောင်း၊ ထို့ကြောင့် NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုအနေဖြင့် NCA ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော် တည်ဆောက်နိုင်သည်အထိ ငြိမ်းချမ်းရေးကို ဆွေးနွေးသွားကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် EAO များ လက်တွေ့ကျကျပါဝင်နိုင်ရေးကိုလည်း ဆွေးနွေးနေကြောင်း၊ NCA စာချုပ်ချုပ်ဆိုခဲ့သည်မှာ အောက်တိုဘာ ၁၅ ရက်တွင် ရှစ်နှစ်ပြည့်မည်ဖြစ်သဖြင့် အဆိုပါ NCA စာချုပ်ချုပ်ဆိုခဲ့သည့် ရှစ်နှစ်ပြည့်အခမ်းအနားကို လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ ကျင်းပလိုသည့် အစီအစဉ်များကိုလည်း ဆွေးနွေးလျက်ရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ









မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားနေမှုကို တွေ့မြင်ရစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် ဘုရားဖူးရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများကို အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ အခမဲ့လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် ဘုရားဖူးလာပြည်သူများ အသက်သာဆုံးဖြစ်စေရေးနှင့် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှစတင်၍ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာ ရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ရပ်နားသည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့်ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

# တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ်၌ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားသည်။

ယင်းနောက် မြိတ်ခရိုင် ကရင်စာပေယဉ်ကျေးမှုအဖွဲ့ဝင် ဦးစောအော်ဂတ်စတင်က ကရင်ရိုးရာဝါခေါင်လချည်ဖြူမင်္ဂလာဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။



ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

ထို့နောက် ၂၀၂၂-၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကရင်တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကျောင်းသား၊ ကျောင်းသူများ၏ ကရင်ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် ပျော်ရွှင်စွာတီးမှုတ်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများကို ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့်သရုပ်ပြပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၉၈ ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်း ၄၁၇ ဦး စုစုပေါင်း ၅၁၅ ဦးနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်း ၂၀၇ ဦးတက်ရောက်ခဲ့ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။



Myanmar Electronic Voting Machine(MEVM) စက်သည် လုံခြုံရေးစနစ်စိတ်ချယုံကြည်ရပြီး Internet၊Wireless စနစ်မဟုတ်သည့်အတွက် နည်းပညာဆိုင်ရာ မသမာသူများက စနစ်အတွင်း ကြားဝင်နှောင့်ယှက်၍ ဟန့်တားခြင်းများဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊မဲပေးရာတွင် မဲဆန္ဒရှင်များအနေဖြင့် ခလုတ်တစ်ချက်နှိပ်၍ ဆန္ဒပြုရခြင်းဖြစ်သည့်အတွက် ရှင်းလင်းလွယ်ကူစွာလူတန်းစားမရွေးစိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးဆောင်ရွက်နိုင်မည်ဖြစ်ရာ ရွေးကောက်ပွဲ၏ အနှစ်သာရဖြစ်သော ပြည်သူများ၏ဆန္ဒကို အပြည့်အဝဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့်ယနေ့ထိ ဝန်ကြီးဌာန ၂၈ ခု၌ အရာထမ်း၊အမှုထမ်း စုစုပေါင်း ၅၇၆၆ ဦးတို့ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံးအတွက် နိုင်ငံတော်အစိုးရက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အေအာတီဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၆ သန်းအသုံးပြုထား



**နေပြည်တော် ဩဂုတ် ၃၁**

ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်၏ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ(၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၂၁-၂၀၂၅ တွင်ပါရှိသည့် ဦးစားပေးနည်းဗျူဟာ ငါးရပ်နှင့်အညီ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးနှင့်ပြုစုကုသစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတွက် အေအာတီဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် နိုင်ငံတော်အစိုးရမှရန်ပုံငွေများနှစ်စဉ်တိုးမြှင့်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အေအာတီဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၆ သန်းအသုံးပြုထားပါကြောင်း။

၂၀၂၂ ခုနှစ်တွင် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်အနေဖြင့် အေအာတီဆေးကုဌာန ၁၄၁ ခုနှင့်အေအာတီဆင့်ပွားကုဌာန ၃၁၀တို့၌ အိပ်ချ်အိုင်ဗွီပိုးရှိ လူနာပေါင်း ၂၀၈၀၀၀ ကျော်ကို အေအာတီဆေးဝါးနှင့် အခမဲ့ကုသပေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင် ငါးသိန်းကျော်ကို အိပ်ချ်အိုင်ဗွီနှင့်ဆစ်ဖလစ် ရှိ၊ မရှိ စစ်ဆေးပေးခဲ့ကြောင်း၊ မူးယစ်ဆေးအကြောထဲထိုးသွင်းသူများအတွက် မူးယစ်ဆေးအစားထိုးမက်သာဒုန်းဆေးဖြင့် ကုသပေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ်ကုန်ထိရရှိသော စာရင်းဇယားများအရမူးယစ်ဆေးအကြောထဲထိုးသွင်းသူဦးရေ ၂၆၀၀၀ ခန့်ကို မက်သာဒုန်းဆေးကုဌာန ၉၀ တွင် မက်သာဒုန်းဆေးတိုက်ကျွေးလျက်ရှိကြောင်း။

အိပ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါ စီပိုးဒွန်တွဲလူနာများအတွက်အသည်းရောင်အသားဝါစီပိုးကုသမှုလုပ်ငန်းကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ၂၀၂၃ ခုနှစ်အတွင်း စတင်ကုသမှုပေးလျက်ရှိပြီး နှစ်စဉ်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်(ခုခံကျ/ကာလသား)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းလွင်က အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးနှင့်ပြုစုကုသစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ (ခုခံကျ၊ ကာလသား)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမင်းယုအောင်က အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ကုသရေး လုပ်ငန်းစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများမှ ဆွေးနွေးအကြံပြုကြကြောင်းနှင့် အစည်းအဝေးကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဩဂုတ် ၃၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၈၈၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် သုံးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၈ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုင်းပျဉ်းမြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



**တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း မိုင်းပျဉ်းမြို့နယ်မှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**နေပြည်တော် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ဆီ၊စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးနန်းမြို့ အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ပြုလုပ်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးမြို့ စလင်းဝိဘဇ္ဇာဝါဒီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက် ကြည်ညိုကြသည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးမြို့ စလင်းဝိဘဇ္ဇာဝါဒီ ပရိယတ္တိစာသင်တိုက် ဆရာတော် အမှူးပြုသော သံဃာတော်အပါး ၃၀၀ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြွချီတော်မူကြသည့် သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို သတ်မှတ်နေရာ အသီးသီးမှ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။


## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) ကို စက်တင်ဘာ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
(၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ဩဂုတ် ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ)ကို စက်တင်ဘာ ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မော်လမြိုင်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ



ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ Royal HintharHotal ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဥပဒေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ၏ လှုပ်ရှားဆောင်ရွက်ခဲ့မှု Video Clip ကို ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဥပဒေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်များပေးအပ်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။



သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်ရှိ အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀၃ ပါးနှင့် ဒေသခံပြည်သူ ၁၁ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၁)စိုက်ပျိုးမွေးမြူရေးစခန်း (ဇော်ဘွားကြီးကုန်း)၊ တညင်းကုန်းရပ်ကွက်ရှိ အမှတ်(၃) စိုက်ပျိုးမွေးမြူရေး စခန်း (တညင်းကုန်း)နှင့် မင်္ဂလာဒုံမြို့နယ်ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၄)စိုက်ပျိုးမွေးမြူရေးစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း နွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင် ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Kyaw Thu Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကပ်ခိုကျေးရွာနေ ကျော်သူလင်း(ခ) အညာသားကို မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဆကာကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရုရှားနိုင်ငံ ပင်လယ်နက်အနီးတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ



**မော်စကို ဩဂုတ် ၃၁**

ရုရှားနိုင်ငံ ပင်လယ်နက်အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု Sputnik သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ဩဂုတ် ၃၀ ရက်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ရုရှားနိုင်ငံ၏ နာမည်ကြီး ဂျယ်လန်ဇစ်ကမ်းခြေဒေသအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ကာ တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၄၄၁ ဦးအပြင် မီးသတ်ကားအစီးရေ ၈၀ နှင့် ရဟတ်ယာဉ်တချို့ကိုအသုံးပြုထားကြောင်း၊ မိုးလေဝသအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သကဲ့သို့ တောမီးကူးစက်လောင်ကျွမ်းနေသည့် သစ်တောမြေ ၁၁၈ ဧကထိ ရှိနေကြောင်း ဂျယ်လန်ဇစ် မြို့တော်ဝန်ရုံးက ထုတ်ပြန်ခဲ့သည်။

“ပင်လယ်နက် ဧရိယာအနီး တောမီးလောင်ကျွမ်းမှုတွေဖြစ်ပွားနေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ဂျယ်လန်ဇစ်မြို့နဲ့လဲ နီးကပ်နေတဲ့အတွက်ကြောင့် ဂျယ်လန်ဇစ်မြို့အတွက်လဲအန္တရာယ်ရှိပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေ ကြိုးစားပေးနေပါတယ်။ မီးငြိမ်းသတ်ရေးအတွက် ဒေသခံတွေအပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ၄၄၁ ယောက်က ကြိုးစားပေးနေပါတယ်။ မီးသတ်ကားအစီး ၈၀ နဲ့ ရဟတ်ယာဉ်တချို့ကိုလဲ အသုံးပြုထားပါတယ်”ဟု ဂျယ်လန်ဇစ်မြို့တော်ဝန် အလက်ဇီက ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များကို ဒေသခံများကလည်း ပါဝင်ကူညီပေးနေပြီး တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသောမီးခိုးငွေ့များသည် ဂျယ်လန်ဇစ်မြို့ထိ ရောက်ရှိနေ၍ ဒေသခံများကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**ရိုင်းဆက်**

# ဖလော်ရီဒါပြည်နယ်တွင် အိုင်ဒါလီယာဟာရီကိန်းမုန်တိုင်းကြောင့် လူနှစ်ဦးထက်မနည်းသေဆုံး

**ဝါရှင်တန် ဩဂုတ် ၃၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဩဂုတ် ၃၀ ရက်က အိုင်ဒါလီယာဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေသခံနှစ်ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Forbes သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ် ၁၀၀၀ ကျော်ကို ယာယီဆိုင်းငံ့ခဲ့ရပြီး နေအိမ် ၂၅၇၀၄ အိမ် လျှပ်စစ်မီးပြတ်တောက်နေကာ ပျက်စီးခဲ့သည့်အဆောက်အအုံ ၁၆ လုံးထိရှိခဲ့ကြောင်း၊ မြေပြိုကျမှုနှင့် ကျောက်တုံး၊ ကျောက်ဆောင်များပြိုကျမှုကြောင့်လည်း လမ်းမကြီး ၄၆ လမ်းထိ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်အပြင် ဂျော်ဂျီယာပြည်နယ်တွင်လည်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် တောင်ကာရိုလိုင်းနားပြည်နယ်သို့ ရောက်ရှိနေကြောင်း၊ ဖလော်ရီဒါပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့စဉ် မုန်တိုင်းအားကောင်းခဲ့သော်လည်း တောင်ကာရိုလိုင်းနားပြည်နယ်သို့ဝင်ရောက်စဉ် မုန်တိုင်းအားပျော့သွားခဲ့ကြောင်း အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

အိုင်ဒါလီယာ ဟာရီကိန်းမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ် ဘစ်ဘန့်နယ်မြေသို့ ဇဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖလော်ရီဒါပြည်နယ်တွင် ကောင်တီပေါင်း ၆၇ ကောင်တီရှိသည့်အနက် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်လက်ခံရရှိထားသည့် ကောင်တီပေါင်း ၂၈ ကောင်တီထိရှိကြောင်း သိရသည်။

အိမ်ဖြူတော်အစိုးရကလည်း မုန်တိုင်းဒဏ်သင့် ဧရိယာများတွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကို ညွှန်ကြားထားကြောင်း ထုတ်ပြန်ခဲ့သည်။

**ရိုင်းဆက်**



# လျှောင်လှုပ်ခတ်မှုကြောင့်ပိတ်ပင်ထားသည့် တာတိုပန်နီနယ်ခြားလမ်းကို စက်တင်ဘာ ၁ ရက်မှစ၍ ပြန်လည်အသုံးပြုခွင့်ပေးသွားမည်

**ပေကျင်း ဩဂုတ် ၃၁**

တရုတ်နိုင်ငံနှင့် နီပေါနိုင်ငံကြားရှိသည့် တာတိုပန်နီနယ်ခြားလမ်းတွင် ၂၀၁၅ ခုနှစ်က မြေငလျင်လှုပ်ခတ်မှုကြောင့် လမ်းရှိ အခြေခံအဆောက်အအုံများ ပျက်စီးသွားခဲ့သဖြင့် တာတိုပန်နီနယ်ခြားကို ဖြတ်သန်းသွားလာခွင့်တားမြစ်ပိတ်ပင်ထားပြီး ကာလရှည်ပြန်လည်မွမ်းမံတည်ဆောက်မှုများပြုလုပ်ခဲ့ပြီးနောက် တရုတ်အာဏာပိုင်အဖွဲ့အစည်းက စက်တင်ဘာ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ကာ အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Kathmandu Post သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နီပေါနိုင်ငံမှတာဝန်ရှိသူတချို့နှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူတချို့တို့ကြား တိဗက်ကုန်းပြင်မြင့်ရှိ လာဆာဒေသတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တာတိုပန်နီနယ်ခြားလမ်းကို ပြန်လည်ဖွင့်လှစ်အသုံးပြုရန် နှစ်နိုင်ငံကြား သဘောတူညီဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

“မြေငလျင်ကြောင့် ပျက်စီးမှုတွေဖြစ်ပေါ်ခဲ့တဲ့ တာတိုပန်နီနယ်ခြားလမ်းကို ပြန်လည်ဖွင့်လှစ်မဲ့ကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက ကိုယ်စားလှယ်အဖွဲ့နဲ့ တိဗက်ကုန်းပြင်မြင့်မှာရှိတဲ့ လာဆာဒေသမှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးမှုအရ စက်တင်ဘာ ၁ ရက်ကနေစတင်ပြီးတော့ တာတိုပန်နီနယ်ခြားလမ်းကို ပြန်လည်ဖွင့်လှစ်အသုံးပြုသွားဖို့ နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပါတယ်”ဟု နီပေါနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ နာဗာရာက ပြောကြားခဲ့သည်။

တာတိုပန်နီနယ်ခြားလမ်းသည် တရုတ်-နီပေါနယ်စပ် ကက်မန္ဒူမြို့အရှေ့မြောက်ဘက်ပိုင်း ၁၁၅ ကီလိုမီတာအကွာတွင် တည်ရှိနေပြီး နှစ်နိုင်ငံကြား အဓိကကုန်သွယ်မှုလမ်းကြောင်းအဖြစ် အသုံးပြုသည့်လမ်းဖြစ်ကြောင်း၊ တာတိုပန်နီနယ်ခြားလမ်းကို ပြန်လည်ဖွင့်လှစ် အသုံးပြုသွားမည်ဖြစ်သော်လည်း လူဝင်မှုကြီးကြပ်ရေးကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်နိုင်ငံမှ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူများကြား ဆွေးနွေးမှုပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။

**ရိုင်းဆက်**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။


အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊ သစ်တုံး၊ ကားတာယာကျွတ် အစရှိသည့် .....



0w Mv M @

# စားရေး

လင်းလက်ကြယ်(လက်ပံလှ)



(၁)

"ဆန်က အခုမနက်ချက်ပြီးရင် မရှိတော့ဘူး အမေရေ"

စောစောစီးစီး သမီးကြီးနဲ့သူ့အမေတို့အပြန်အလှန်ပြောနေသည့် စကားများကြောင့် အိပ်ရာထဲမှကျွန်တော်ထလိုက်သည်။

"မင်းတို့ကလဲ စောစောစီးစီးကို မရှိကြောင်းတွေလောက် ပြောနေကြတော့တာပဲ"

မျက်နှာသစ်ရန် ရေတွင်းရှိရာသွားရင်း ဆူညံနေသည့် သမီးကြီးတို့သားအမိကို လှမ်းပြောလိုက်သည်။ ထိုအချိန် မိန်းမက ကျွန်တော့်ကို မျက်စောင်းထိုးလိုက်သည်။ မိန်းမမျက်စောင်းထိုးသည်ကို အရေးမစိုက်ဘဲ ရေတွင်းကိုသွားလိုက်သည်။

"ကိုကြီးသိန်းတို့ဆီလဲ သွားကြည့်ပါအုံးလား။ တခြားအလုပ်ကလေးမှ ရရ"

မျက်နှာသစ်ပြီး အိမ်ထဲအဝင် မိန်းမက သားနှစ်ယောက်ကို ထမင်းကျွေးရင်းပြောလိုက်သည်။

"မနေ့ကတော့ သွားကြည့်သေးတယ်။ မိုးရွာနေတော့ သူလဲ ငုတ်တုတ်ထိုင်နေရတာလို့ ပြောတာပဲ"

"မိုးကလဲ ဇွဲချက်က လွန်ပါတယ်တော်။ ဒီပုံစံနဲ့ဆိုရင် ဘာလုပ်စားကြရမတုန်း"

မိန်းမက ကျွန်တော့်စကားကြားပြီး ညည်းတွားပြောလိုက်သည်။ နောက်ပြီး အခန်းထဲမှနို့စို့ကလေးက ငိုနေ၍ မိန်းမက ထသွားလိုက်သည်။

"အဖေ ထမင်းကြော်စားတော့မှာလား"

သမီးကြီးအမေးကို ခေါင်းညိတ်ဖြေရင်း မနားမနေရွာနေသည့် မိုးကိုပဲ ကြည့်နေလိုက်သည်။

(၂)

ရပ်ကွက်ထဲက အလုပ်ရှိနိုင်မည့်နေရာများကို သွားပြီးစုံစမ်းတော့လည်း ကိုယ့်ထက်ဦးသည့်သူများရှိနေ၍ အဆင်ကမပြေခဲ့။ မိုးကတော့ အဖြိုးကြီးကြီးဖြင့် ရွာ၍ကောင်းနေသည်။ ရှိသည့်အလုပ်ကျတော့လည်း မိုးရွာနေ၍ နားထားရသည်။ အမှန်တော့ကျွန်တော့်အလုပ်က ပန်းရန်အလုပ် လုပ်ရသည်။ ပန်းရန်ဆိုသော်လည်း ကျွန်တော်က နောက်လိုက်ပါ။ အရှေ့က သံလက်ကိုင်ခိုင်းသည်များ အကုန်လိုက်လုပ်ပေးရသည်။ မဆလာဖျော်၊ အုတ်သယ်သည်တို့ကို လုပ်ရသည်။ တစ်ခါတစ်ခါကျတော့လည်း ရေလောင်း အိမ်သာများ၊ လိုင်းကျင်းတူးသည်ဆိုလျှင် ကျွန်တော်လုပ်ရသည်။ ပင်ပန်းသည်ဆိုသော်လည်း အလုပ်ကို ရွေးချယ်လုပ်ရမည့် အနေအထားမဟုတ်၍လည်း လုပ်နေရသည်။ သည်ပန်းရန်အလုပ် လုပ်နေရ၍ မိသားစု စားရေးသောက်ရေး အဆင်ပြေနေရသည်။ ကျွန်တော့်မှာက မိသားစုခြောက်ယောက်ရှိသည်။ သမီးကြီးက ရှစ်တန်း၊ သားနှစ်ယောက်က လေးတန်းနှင့် တစ်တန်း။ အငယ်ဆုံးကလေးကတော့ နို့စို့အရွယ်သာရှိသည်။ အလုပ်အကိုင်သာ မည်မည်ရရ မရှိခဲ့သော်လည်း သားသမီးက ခပ်များများရယ်။

ယခင်က မိန်းမကလည်း အလုပ်လုပ်တော့ စားဝတ်နေရေးက ပြေလည်သည်ဟုပြောရမည်။ မိန်းမက ပုလင်းခွံ၊ ဘူးခွံ လိုက်ကောက်သည်။ ဂုဏ်သိမ်သည်ဆိုသော်လည်း မိန်းမအလုပ်ကလည်း တွက်ခြေကိုက်သည်။ နောက်ပိုင်း အငယ်ဆုံးသားကိုယ်ဝန်ရှိလာ၍ ထိုအလုပ်ကို နားခိုင်းလိုက်ရသည်။ ထို့နောက် မိသားစုတစ်ခုလုံး၏ စားရေးအတွက်က ကျွန်တော်၏လုပ်အားခပေါ်တွင် မူတည်တော့သည်။ သားသမီးများက ကျောင်းသား၊ ကျောင်းသူများဖြစ်၍ ကုန်ကျစရိတ်နှင့်ဝင်ငွေက မမျှတခဲ့ပါ။ ကံကောင်းသည်က အလုပ်ကလေးက အမြဲတမ်းလုပ်နေရ၍ တော်သေးသည်။ ယခုနောက်ပိုင်း အလုပ်က မလုပ်ရတစ်ရက်၊ လုပ်ရတစ်ရက်ဖြစ်လာသဖြင့် စားသောက်ရေးက အလျဉ်မမီဖြစ်လာသည်။ တစ်ခါတလေ အဆင်မပြေသည်များရှိလာ၍ မိန်းမကလည်း ညည်းရှာသည်။

"ဟေ့ကောင်လှမောင် ဘယ်သွားမလို့လဲ"

တစ်ယောက်တည်း အတွေးများနှင့် လျှောက်နေစဉ် လမ်းဘေးကွမ်းယာဆိုင်ထဲမှ လှမ်းအော်လိုက်သည့် အသံကြောင့် ကျွန်တော် လန့်သွားသည်။ သေချာကြည့်တော့မှ ကျွန်တော်နှင့် ပန်းရန်အတူတူလုပ်သည့် သိန်းကျော် ဖြစ်နေသည်။

"အလုပ်ကလေးများ လုပ်ရမလားလို့ လိုက်ဆက်နေတာပါကွာ"

"အတော်ပဲ ငါလဲ မင်းဆီလာမလို့ ကွမ်းထုပ်နေတာကွ။ မိုးကစွေတော့ မင်းလဲ အဆင်မပြေဘူးဆိုတာ သိနေတာလေ။ ဒါကြောင့် အလုပ်တစ်ခုတွေ့ထားလို့ လာခေါ်တာ"

သိန်းကျော်ဆီက အလုပ်ဆိုသည့်စကားကြားရတော့ ကျွန်တော်ပျော်သွားသည်။ ထိုအချိန် သိန်းကျော်က ကွမ်းယာတစ်ယာပေးသဖြင့် ကျွန်တော် ယူဝါးလိုက်သည်။

"အလုပ်က တခြားတော့ မဟုတ်ဘူးကွ။ ရေမြောင်းဆယ်ပေးရမှာ။ ဦးလှကြိုင်တို့ အိမ်ထဲက မြောင်းဟောင်းကို ဆယ်ပေးရမှာ။ အဲဒါ မင်းလိုက်မှာလား"

"ဘယ်လို ပြောလိုက်ပါပေ့ သိန်းကျော်ရာ။ ဒီအချိန် ဘာပဲလုပ်ရလုပ်ရ ပိုက်ဆံရပြီးရောကွာ"

ဝမ်းသာအားရနှင့်သိန်းကျော်ကို ပြောလိုက်သည်။

"အဲဒါဆိုလဲ သွားရအောင်။ ငါ့အိမ်ဝင်ပြီး လိုတဲ့ပစ္စည်းတွေ ဝင်ယူရအောင်"

သိန်းကျော်က အရှေ့ကထွက်သွား၍ ကျွန်တော်လဲ သိန်းကျော်အနောက်မှ လိုက်ခဲ့လိုက်သည်။

(၃)

"တော်လဲ အလုပ် လုပ်နေရင်လဲ အလုပ်လုပ်နေတဲ့အကြောင်း အိမ်ကိုတော့ လာပြောသင့်တာပေါ့"

ကျွန်တော် ဝတ်ဖို့အတွက် အင်္ကျီကိုထုတ်ပေးရင်း မိန်းမကပြောလိုက်သည်။ မိန်းမကို ဘာစကားမျှ ပြန်မပြောတော့ဘဲ အဝတ်လဲနေလိုက်သည်။

"အဖေ ဒီမှာ ရေနွေးပူပူလေး"

သမီးကြီးက ရေနွေးအိုးနှင့် ရေနွေးခွက်ကို ကျွန်တော့်အနား လာချပေးသည်။

"သမီးကြီးရေ ထမင်းချက်ဖို့ အဖေဆန်ဝယ်ခဲ့တယ်"

အိတ်အမည်းဖြင့် ထည့်လာသည့် ဆန်ထုပ်ကို သမီးကြီးကိုပေးရင်း ပြောလိုက်သည်။ ဆန်ထုပ်ကလေးကိုမြင်တော့ သမီးကြီးလည်း ပျော်သွားသည်။ သမီးကြီး၏အပျော်ကိုမြင်၍ ရင်ထဲတွင် ပီတိဖြစ်သွားသည်။ သည်နေ့ပင်ပန်းခဲ့သည်များလည်း မေ့ပျောက်သွားသည်။ အလုပ်က ပြန်လာ၍ ရသည့်လုပ်အားခဖြင့် ဆန်နှစ်ပြည် ဝယ်ခဲ့လိုက်သည်။ အဓိကက ဆန်ရှိနေရန် အရေးကြီးသည်။ နံနက်က ဆန်မရှိတော့ဘူးဟု သမီးကြီးပြောတော့ စိုးရိမ်သွားမိသည်။ လူကြီးများက မရှိသည်ကိုသိ၍ ကြိတ်မှိတ်နေနိုင်သော်လည်း ကလေးများက နေနိုင်မည်မဟုတ်။ ထို့ကြောင့် သည်နေ့ တစ်နေကုန် အလုပ်ရရန်ထွက်ခဲ့လိုက်သည်။ တော်သေးသည်က သိန်းကျော်နှင့်တွေ့၍ ကံကောင်းသွားသည်။

"ရော့ ပိုက်ဆံ"

ရေနွေးပူပူကိုသောက်ရင်း မိန်းမကို ဆန်ဝယ်၍ ပိုသည့် ငွေနှစ်ထောင်ကို ပေးလိုက်သည်။

"မနက်ဖြန်ကော သွားရအုံးမှာလား"

မိန်းမအမေးကို ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။ ထို့နောက် မိန်းမဆီက သက်ပြင်းချသံကြားလိုက်ရသည်။

(၄)

ညကတစ်ညလုံး အိပ်မရသည်နှင့် အိပ်ရာမှ စောစောထပြီး ကျန်သည့်ထမင်းကြမ်းကို ကြော်နေလိုက်သည်။ မိန်းမက ကလေးနှင့်ဆိုတော့ ထလာမည် မဟုတ်ဘူးဆိုသည်ကို ကျွန်တော်သိနေသည်။ ထမင်းကြော်ပြီးတော့ သမီးကြီးနှင့် သားနှစ်ယောက်လည်း နိုးလာခဲ့သည်။

"မျက်နှာသစ်ပြီးရင် ထမင်းကြော်စားကြ၊ အဖေကြော်ထားတယ်"

"ဟုတ်"

သားနှစ်ယောက်က ပြိုင်တူ ဖြေသွားသော်လည်း သမီးကြီးကတော့ ခေါင်းညိတ်ရုံညိတ်ပြပြီး ရေတွင်းရှိရာကို ထွက်သွားသည်။ သမီးကြီးမျက်နှာကိုသေချာကြည့်လိုက်တော့ မို့အစ်နေသည့် မျက်လုံးများကို တွေ့လိုက်သည်။ ထိုသို့ မြင်လိုက်တော့လည်း ကျွန်တော့်ရင်ထဲတွင် စိတ်မကောင်းဖြစ်သွားသည်။ ဒါသကြောင့် ရိုက်လိုက်သော်လည်း သွေးအေး၍ ပြန်စဉ်းစားလိုက်တော့ သမီးကြီးပြောသည်လည်း မှန်နေသည်။ စိတ်ထဲတွင်လည်း ညကအကြောင်းများကို ပြန်မြင်နေမိသည်။

"အဖေ"

ညစာ စားနေစဉ် သမီးကြီးက ကျွန်တော့်ကို ခေါ်လိုက်သည်။ သမီးကြီးခေါ်၍ ထမင်းစားရင်းနှင့် လှည့်ကြည့်လိုက်သည်။

"သမီး ကျောင်းမလိုက်ချင်တော့ဘူး"

သမီးကြီးစကားကြောင့် စားနေသည့် ထမင်းလုတ်တောင် မျိုချ၍ မရတော့။

"ကျောင်းမလိုက်ဖို့ ဘယ်သူက ပြောလိုက်တာလဲ"

သမီးကြီးကိုမေးရင်း မိန်းမကိုကြည့်လိုက်သည်။ မိန်းမက ကျွန်တော့်အကြည့်ကို သဘောပေါက်၍ ခေါင်းယမ်းပြနေသည်။

"ကောင်မလေးက အဖေကို ဘာတွေ စနေတာလဲ"

"သမီး စနေတာ မဟုတ်ဘူးအမေ၊ သမီး တကယ်ပြောနေတာ"

"တကယ်ပြောနေတာ ဟုတ်လား။ ကဲဟာ. . . ပြောအုံး၊ ပြောအုံး"

ထမင်းစားသည့်နေရာမှ ဒေါသဖြစ်ဖြစ်နှင့် ထရိုက်လိုက်သည်။ ထိုအချိန် မိန်းမကလည်း ကလေးနို့တိုက်ရာမှထပြီး ဆွဲလိုက်သည်။

"ဖယ်စမ်း၊ နင်လဲ အမေတစ်ယောက်ဖြစ်ပြီး သားသမီးကို မဆုံးမဘူး"

မိန်းမဆွဲသည်ကို ရုန်းလိုက်ပြီး မိန်းမကို တွန်းလိုက်သည်။ မိန်းမလည်း လဲမလိုဖြစ်သွား၍ ရင်ခွင်ထဲက ကလေးကလည်း လန့်ပြီးငိုသွားသည်။

"ပြောစမ်း နင့်ကို ဒီလိုတွေပြောဖို့၊ လုပ်ဖို့အတွက် ဘယ်သူတွေက သင်ပေးတာလဲ။ နင့်အမေကလား"

ဒေါသဖြစ်ဖြစ်နှင့် သမီးကြီးကို မေးလိုက်သည်။ သမီးကြီး၏ ပါးပြင်တွင် ကျွန်တော် ရိုက်လိုက်သောကြောင့် ရဲနေသည်။

"သမီးကို ဘယ်သူကမှ ဘာမှ မပြောပါဘူး။ အဖေတို့ အဆင်မပြေတာကိုကြည့်ပြီး မနေရက်တော့လို့ပါ။ သမီးအရွယ်ဆိုရင် ဈေးဆိုင်မှာလုပ်ရင် တစ်လ ခုနစ်သောင်း ပေးမယ်တဲ့"

"ဩော်. . . ငါ့သမီးကြီးက လစာတောင်စုံစမ်းလို့ အလုပ်တောင်ဆက်ပြီးပြီပေါ့"

"ကဲဟာ. . . ကဲဟာ"

"ကြောက် ကြောက်ပါပြီ အဖေရယ်. . . သမီး မပြောတော့ပါဘူး"

တိုင်တွင်ထောင်ထားသည့် တံမြက်စည်းနှင့် သမီးကြီးကို ရိုက်လိုက်သည်။ သည်တစ်ခါတော့ မိန်းမကလည်း မဆွဲတော့ဘဲ ငိုနေတော့သည်။

"နင်တို့ကို အခုလို ကျောင်းထားတယ်ဆိုတာ နင်တို့ဘဝတွေလှပဖို့၊ နင့်တို့အနာဂတ်လေးတွေလှဖို့အတွက် ငါကထားပေးတာ။ အေး သူများတွေလို နင်တို့ကို ခိုင်းစားလို့ရတယ်ဆိုတာငါသိသားပဲ။ ဒါပေမဲ့ ငါအဲဒီလို မလုပ်ရက်ဘူး။ ငါပင်ပန်းသလို နင်တို့တစ်တွေကို မပင်ပန်းစေချင်လို့ပဲ။ နင်တို့တစ်တွေ အခုချိန်မှာ မပြည့်မစုံနဲ့နေရပေမဲ့ နင်တို့ပညာတတ်တွေဖြစ်တဲ့အခါ သက်သက်သာသာနဲ့အဆင်ပြေမှာကို ငါက နင်တို့ထက် ပိုသိတယ်။ သူများတွေက ပညာရဲ့တန်ဖိုးကိုမသိပေမဲ့ ငါကတော့ သိတယ်။

စာမျက်နှာ ၂၅ သို့

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၆၇၉၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပြောင်းသီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ သြဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၆၇၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၄၆၇၂ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၇၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဒီနှစ် ပြောင်းဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ ပြောင်းစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးပြီးစိုက်လာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးအဆင်ပြေတော့ စိုက်လာကြတာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ်တွင် မုံရွာမြို့နယ်၌ ပြောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နံ့စားပြောင်း ၅၀၁၂ ဧက၊ အစေ့ထုတ်ပြောင်း ၁၅၄၄ ဧက၊ ဖူးစားပြောင်း ၂၃၇ ဧက စုစုပေါင်း ၆၇၉၃ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် နံ့စားပြောင်း ၁၂၆၃၃ ဧက၊ အစေ့ထုတ်ပြောင်း ၁၈၀၄ ဧက၊ ဖူးစားပြောင်း ၂၃၅ ဧက စုစုပေါင်း ၁၄၆၇၂ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖေ့ဘုတ်စာမျက်နှာပေါ်တွင် ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၉၆ ဧကနှင့် ဖူးစားပြောင်း ၇၉၃၃ ဧက စုစုပေါင်း ၉၀၂၉ ဧက စိုက်ပျိုးရန် လျာထားကြောင်း မုံရွာမြို့နယ် ဦးစီးမှူး ဦးစိုးသက်အောင်ထံမှ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ် တောရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟသ်ာတ သြဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောရှည်ကျေးရွာအုပ်စု တောရှည်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို သြဂုတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးမြင့်နှင့် တာဝန်ရှိသူများက တောရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ခင်လေးမြင့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောရှည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၇၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ်သိန်း ၂၅၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၁ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၇ ဒသမ ၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးမြင့်ထံမှ သိရသည်။ **ဝင်းမာ**

➤စာမျက်နှာ ၂၄ မှအဆက်

အလေးထားတယ်။ သဘောပေါက်တယ်"ဟု သမီးကြီးကို ပြောရင်းနှင့် ကျွန်တော် ငိုလိုက်မိသည်။

"အဖေ သားတို့ ကျောင်းသွားတော့မယ်"

ညကဖြစ်ခဲ့သည်များကို ပြန်တွေးနေစဉ် ကျောင်းဝတ်စုံနှင့်ကျွန်တော့်ကို လာနှုတ်ဆက်နေသည့် သားနှစ်ယောက်ကို ကြည့်လိုက်သည်။ အပြင်တွင် မိုးများက ရွာနေဆဲ။

"မိုးကာကို သေချာဝတ်သွား။ လွယ်အိတ်တွေ စိုအုံးမယ်"

မိန်းမကပါ အိပ်ခန်းထဲမှထွက်လာပြီး သားနှစ်ယောက်ကို မိုးကာအင်္ကျီဝတ်ပေးရင်း ပြောလိုက်သည်။ မိန်းမအပြောကြောင့် သားနှစ်ယောက်၏ မိုးကာများကို ကြည့်လိုက်တော့ ပေါက်သည့်နေရာက ပေါက်၊ ပြဲသည့်နေရာက ပြဲနေသည်။

"ရော့ သမီးကြီးက ထီးနဲ့ဆိုတော့ မောင်လေးတွေ လွယ်အိတ်ကို ကိုင်ပေးလိုက်"

သမီးကြီးက သူ့အမေကို ဘာမှပြန်မပြောဘဲ သူ့အမေပေးသည်ကိုပဲ ယူလိုက်သည်။ ထို့နောက် သမီးကြီးတို့ မောင်နှမသုံးယောက်က ရွာနေသည့်မိုးကိုအန်တုပြီး ကျောင်းကိုသွားကြသည်။ သမီးတို့ အိမ်အပြင်ရောက်တော့မှ ကျွန်တော် သတိရမိသွားသည်။

"ကျောင်းမုန့်ဖိုး"

ထိုအချိန် ကျွန်တော့်အိတ်ကပ်ကို ကိုင်ကြည့်လိုက်တော့ ဘာမှမရှိ။ မိန်းမဆီတော့ မနေ့ကပေးထားသည့်ပိုက်ဆံ နှစ်ထောင်ရှိသည်ဆိုသည်ကို သတိရသွားတော့ မိန်းမကိုလှည့်ကြည့်လိုက်သည်။ မိန်းမက ကျွန်တော့်အနားတွင် မရှိတော့ပေ။

(၅)

မိသားစုတစ်စုသည် စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးသည် အဓိကဟူ၍ ကျွန်တော် သိထားသည်။ ထိုအထဲတွင် ကျွန်တော်တို့အတွက် အဓိကလိုအပ်နေသည်မှာ စားရေးဖြစ်နေသည်။ သည်စားရေးအတွက် နေ့စဉ်သောကဖြစ်နေရသည်။ စားရေးအတွက် အဆင်ပြေရန်က အလုပ်အကိုင်ရှိပြီး ပုံမှန်ဝင်ငွေရှိနေမှ။ ပုံမှန်ဝင်ငွေရှိရန်အတွက် ကျွန်တော်တို့နှင့် လက်လှမ်းမီသည့်အလုပ်ကို ပြောင်းပြီးလုပ်ရန်အတွက် မိန်းမနှင့်တိုင်ပင်လိုက်သည်။ တိုင်ပင်ပြီးတော့ ထိုအလုပ်ကို အကောင်အထည်ဖော်ရန် သည်နေ့ပင် ကျွန်တော် စလိုက်သည်။

"ရော့ မိုးကာအင်္ကျီနဲ့ ဦးထုပ်"

စက်ဘီးကယ်ရီယာခုံနောက်တွင် တောင်းနှစ်တောင်း ချိတ်နေစဉ် မိန်းမက ကျွန်တော်ဝတ်ရန်ပေးလိုက်သည်။ မိန်းမပေးသည့်မိုးကာအင်္ကျီကို ဝတ်ရင်း ရွာနေသည့်မိုးကိုကြည့်ပြီးပြုံးလိုက်မိသည်။ စိတ်ထဲမှ ကျွန်တော့်ဆုံးဖြတ်ချက် မှန်ပါစေဟူ၍ ဆုတောင်းလိုက်သည်။ မိန်းမကို နှုတ်ဆက်ကာ စက်ဘီးလေးကိုစီးပြီး မိုးရွာထဲတွင် ပုလင်းခွံ၊ ဘူးခွံကောက်ရန် ထွက်ခဲ့လိုက်တော့သည်။

## ညွှန့်သည်ပမာ ဆုံချိန်ခါ

- ဘဝတစ်ကွေ့မှာလ
ခဏတွေ့ကြ လောကဘုံ၊
ပြုံးတစ်ခါ ငိုတစ်ရှိုက်နှင့်
စရိုက်ကစုံ၊
ကံကြိုးဆွဲ သည်ဇာတ်ခုံ
နွဲ့ပျော်ပုံ ကြုံအဖြစ်၊
နွမ်းအပူတွေ မဆုံဝေးဖို့
လမ်းတူနေ အကုန်တွေးမယ်
ငြိမ်းအေးအချစ်။

- သိအမှန် မှားအပြစ်
ထားရစ်လို့ ဝေးဖယ်ကြဉ်၊
ညွှန့်ပမာ ခဏနား
ဘဝများပင်၊
ဖေးကူမ မပစ်ခင်
အချစ်ဝင် မေတ္တာဓာတ်၊
ပြုစေရာ အမှားကင်းပါလို့
လှူပြည့်ရွာ တရားခြင်းရယ်နှင့်
ရစ်တင်းကြိုးပတ်။

- ညွှန့်ပမာ စိတ်ဆုံးဖြတ်
သတ်မှတ်ပေါ့ ဖြူစင်စေ၊
နားခိုဝင် ကြုံအတွေ့
မမေ့မိတ်ဆွေ၊
ကောင်းမှုပျိုး မြှင့်အခြေ
ဖြန့်ဝေတဲ့ စိတ်အသိ၊
ထားကိုယ်စီ တည်နှလုံးရယ်နှင့်
ပွားခိုမှီ ကြည်အပြုံး
မဆုံးစေရှိ။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ရပ်စောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**ရပ်စောက် သြဂုတ် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက တောင်ချွန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်က တောင်ချွန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာကဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်ချွန်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရပ်စောက်မြို့နယ် တောင်ချွန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးရှေးရယ်ထံမှ သိရသည်။

**ရှိုးသန်းညွန့်**

# ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကြောင့် စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံခြုံမှုများ



လက်ရှိဖြစ်ပွားလျက်ရှိသော ရုရှား-ယူကရိန်း ပဋိပက္ခသည် စားနပ်ရိက္ခာနှင့် စွမ်းအင်ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်အပေါ် ဆိုးဆိုးရွားရွားသက်ရောက်စေလျက်ရှိသဖြင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ထိခိုက်လွယ်အုပ်စုများတွင် စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံမှုအတွက် ဖိအားများပြင်းထန်စွာဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာလုံခြုံမှုအပေါ်လက်ရှိဖြစ်ပေါ်လျက်ရှိသော ဖိအားများသည် ကိုဗစ်-၁၉ ရောဂါ၊ ရာသီဥတုပြောင်းလဲမှုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကဲ့သို့သောပြဿနာများ ပေါင်းစုထားသောကြောင့်ပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် ရုရှား-ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားကတည်းက အဓိကလူသုံးကုန်ပစ္စည်းများ မည်သို့မည်ပုံ ဈေးနှုန်းမြင့်တက်လာသည်ကို စောင့်ကြည့်လေ့လာလျက်ရှိသည်။ သာဓကအနေဖြင့် ရေနံဈေးနှုန်းသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ၂၀၂၀ ခုနှစ် ဇန်နဝါရီလကထက် ၆၇ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ သဘာဝဓာတ်ငွေ့ဈေးနှုန်းများမှာလည်း ၂၀၂၀ ခုနှစ် ဇန်နဝါရီလကထက် ၂၀၀ ရာခိုင်နှုန်းကျော် ခုန်တက်သွားခဲ့သည်ဟုဆိုသည်။

အလူမီနီယံဈေးနှုန်းသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပြီး စားနပ်ရိက္ခာများမှာလည်း ဈေးနှုန်းမြင့်တက်လျက်ရှိရာ ဂျုံဈေးနှုန်းသည် ဈေးနှုန်းအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလထိ စားနပ်ရိက္ခာများ၏ ပျမ်းမျှဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလကထက် ၂၁ ဒသမ ၈ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။

ယူကရိန်းနှင့်ရုရှားနိုင်ငံတို့သည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖြန့်ဖြူးရေးဈေးကွက်၌ သိသိသာသာ လွှမ်းမိုးလျက်ရှိသောကြောင့် အလယ်အလတ်အဆင့်ရှိသောနိုင်ငံများနှင့် ဝင်ငွေနည်းသောနိုင်ငံများအပေါ် ကြီးမားသော စားနပ်ရိက္ခာမလုံခြုံမှုခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်စေလျက်ရှိသည့်အပြင် ထိခိုက်လွယ်အုပ်စုများသည် ကိုဗစ်-၁၉ ရောဂါကြောင့် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုနှင့်ရင်ဆိုင်ရလျက်ရှိသည်။

လစဉ်စိုက်ပျိုးရေးထွက်ကုန် တန် ခြောက်သန်းခန့်ကို အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့လျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် အဆိုပါ တင်ပို့မှုပမာဏသည် ငါးပုံ တစ်ပုံခန့်လျော့နည်းသွားခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏အဆိုအရ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဈေးနှုန်းသည် ၂၀ ရာခိုင်နှုန်းမြင့်တက်လျက်ရှိသောကြောင့် တစ်ကမ္ဘာလုံးအတွက် စိုးရိမ်ပူပန်စရာဖြစ်လာခဲ့သည်။ ယူကရိန်းအရေးနှင့် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်လာမှုတို့ကြောင့် ကမ္ဘာတစ်ဝန်း အာဟာရချို့တဲ့သော လူဦးရေအရေအတွက်သည် ၇ ဒသမ ၆ သန်းမှ ၁၃ ဒသမ ၁ သန်းထိ မြင့်တက်လာနိုင်သည်ဟုဆိုသည်။

ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (BIMSTEC)မှ အဖွဲ့ဝင်နိုင်ငံအသီးသီးအနက် အိန္ဒိယ၊ မြန်မာနှင့် ဘူတန်နိုင်ငံတို့သည် စွမ်းအင်သွင်းကုန်များအပေါ် အလွန်အမင်း မှီခိုအားထားရလျက်ရှိသည်။ လောင်စာဆီကုန်သွယ်မှုအပေါ် အလွန်အမင်း မှီခိုခြင်းသည် ဒေသအတွက် ကြီးမားသော စိန်ခေါ်မှုဖြစ်စေခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဟန့်တားနှောင့်ယှက်မှုဖြစ်စေလျက်ရှိသည်။ ရုရှား-ယူကရိန်းပဋိပက္ခသည် စွမ်းအင်လုံခြုံမှုဖြည့်ဆည်းနေသောနိုင်ငံများအတွက် လိုအပ်ချက်ဖြစ်နေကြောင်း မီးမောင်းထိုးပြသလျက်ရှိသည်။

စစ်ပွဲကြောင့်မြင့်တက်လာသော စွမ်းအင်ဈေးနှုန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုမြင့်တက်စေလျက်ရှိသည်။ အဆိုပါသက်ရောက်မှုများသည် စီးပွားရေးပြန်လည်နာလန်ထူထောင်မှုအပေါ် အဟန့်အတားဖြစ်စေလျက်ရှိသည့်အပြင် ကမ္ဘာလုံးဆိုင်ရာ တတ်နိုင်စွမ်းနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် ခြိမ်းခြောက်မှုအဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာနှင့်စွမ်းအင်လုံခြုံမှုတို့အပေါ်သက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် စုပေါင်းဖြေရှင်းသွားရန် လိုအပ်သည်။ အခြေခံသဘောသဘာဝအားဖြင့် ထိခိုက်လွယ်သောနိုင်ငံများနှင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အလေးထားဆောင်ရွက်သွားသင့်ပေသည်။ ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုနောက်ကျသော ထိခိုက်လွယ်အုပ်စုများကို အလေးထား၍ ထောက်ပံ့ငွေများ ပေးအပ်သွားသင့်ပေသည်။

အလားတူ အာဖရိကနှင့် တောင်အာရှဒေသမှနိုင်ငံတချို့တွင်လည်း စားနပ်ရိက္ခာလုံခြုံမှုမြှင့်တင်နိုင်ရန် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်တိုးတက်ရေးအတွက် နိုင်ငံတကာအထောက်အပံ့များ လိုအပ်လျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အဆိုပါဒေသသည် လက်ရှိအချိန်ထိ ၎င်းတို့၏ပြည်တွင်းလိုအပ်ချက်အတွက် စားနပ်ရိက္ခာတင်သွင်းနေရဆဲပင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားရနိုင်ခြေမြင့်မားသော ကမ္ဘာ့တောင်ခြမ်းဒေသတွင် ရာသီဥတုဒဏ်ခံနိုင်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းစနစ်သို့ ပြောင်းလဲဖော်ဆောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားသင့်ပေသည်။ ရေ၊ စားနပ်ရိက္ခာ၊ စွမ်းအင်ဆက်စပ်မှုတို့ကို အသိအမှတ်ပြုလျက် ရေနှင့် အာဟာရလုံခြုံမှုမြှင့်တင်ရေးပေါင်းစပ်ချဉ်းကပ်မှုများ လုပ်ဆောင်သွားရန်လိုအပ်သည်။

နိုင်ငံတကာဈေးကွက်များသည်လည်း ကမ္ဘာလုံးဆိုင်ရာ ရေနံဈေးကွက်တွင် မတည်မငြိမ်ဖြစ်ရသော အကြောင်းတရားတစ်ခုပင်ဖြစ်သည်။ ကမ္ဘာ့တောင်ခြမ်းနိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာရေနံဈေးကွက်အတွက် ဈေးကွက်ဖန်တီးပေးသည်ထက် ဈေးနှုန်းရရှိရန်သာ ဆောင်ရွက်လျက်ရှိကြသည်။ ကမ္ဘာ့တောင်ခြမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဈေးနှုန်းအတက်၊ အကျ၏ဆိုးကျိုးများကို ခံစားရခြင်းမရှိကြောင်းကို နိုင်ငံတကာဆွေးနွေးပွဲများတွင် စံနမူနာပြ ချပြဆွေးနွေးသွားသင့်ပေသည်။

ကောင်းမွန်သောဈေးကွက်သတင်းအချက်အလက်နှင့် ဈေးကွက်အခြေခံသည့် အထောက်အကူပစ္စည်းများကို ကောင်းမွန်စွာအသုံးချခြင်းသည် စီးပွားရေးလုပ်ငန်းဟန်ချက်ထိန်းညှိရာ၌ အထောက်အကူပြုလျက်ရှိသည်။ ဆိုလိုသည်မှာ လောင်စာဆီတင်သွင်းမှုပမာဏသည် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ဈေးကွက်လှုပ်ရှားမှုများအရ အကျိုးအမြတ်မည်မျှရရှိနိုင်မည်ဆိုသောအချက်ပင်ဖြစ်သည်။

စွမ်းအင်ထုတ်လုပ်သူများ တိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာ့စွမ်းအင်ဈေးကွက် တည်ငြိမ်အောင် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသမှရေနံထုတ်လုပ်သူများသည် ကိုဗစ်-၁၉ရောဂါကြောင့် ဈေးနှုန်းအတက်၊ အကျဖြစ်ပေါ်လျက်ရှိသဖြင့် အနာဂတ်တွင် စွမ်းအင်ထုတ်လုပ်ရေးအတွက် ရုပ်ကြွင်းလောင်စာမဟုတ်သည့် အရင်းအမြစ်များကို ရှာဖွေရန်စိတ်အားထက်သန်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ရုပ်ကြွင်းလောင်စာများအပေါ် တစ်ကမ္ဘာလုံးမှီခိုနေရမှုနှင့်ဈေးနှုန်းရိုက်ခတ်မှုများလျော့ချနိုင်သည့်အပြင် အစိမ်းရောင်စွမ်းအင်ကူးပြောင်းရာတွင်လည်း လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက်သည် ပြတ်လပ်မှုဖြစ်ပေါ်ပြီး ကြီးမားသောဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်းကို လက်ရှိဖြစ်ပွားလျက်ရှိသော နိုင်ငံရေးအခင်းအကျင်းက ဖော်ပြလျက်ရှိသည်။ ထို့ကြောင့် ပိုမိုကောင်းမွန်သော အစိုးရဝယ်ယူရေးယန္တရားများချမှတ်သွားရေး၊ အရင်းအမြစ်များ လွန်ကဲစွာထုတ်ယူမှုလျှော့ချရေးအတွက် သင့်တင့်သောဈေးနှုန်းယန္တရားများ အထောက်အကူပြုသွားရန် လိုအပ်လျက်ရှိသည်။ သို့သော် အာဟာရပြည့်ဝသော စားနပ်ရိက္ခာများ ပိုမိုရရှိရေးနှင့် ပိုမိုကောင်းမွန်သော စွမ်းအင်ဈေးကွက်ဖြန့်ဖြူးမှုစနစ်များကို ဖော်ဆောင်သွားရန်လိုအပ်သည်။ တစ်ချိန်တည်းမှာပင် ဈေးကွက်အခြေခံသောအင်စတီကျူရှင်းနှင့်အထောက်အကူပြုကိရိယာများမှတစ်ဆင့် ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ယန္တရားများဖော်ဆောင်ခြင်းသည်လည်း များစွာအရေးပါလျက်ရှိပေသည်။

ဆိုရလျှင် ကိုဗစ်-၁၉ ရောဂါဒဏ်ခံစားခဲ့ရသော ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ထိခိုက်လွယ်အုပ်စုများသည် ယူကရိန်းအရေးကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော အခြေခံစားသောက်ကုန်နှင့် လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုများနှင့် ငွေကြေးဖောင်းပွမှုဒဏ်များကို အလူးအလဲခံစားနေရလျက်ရှိသည်။ လက်ရှိအချိန်တွင် ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကြောင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံခြုံမှုတို့ကို တိုးမြင့်ဖြစ်ပေါ်စေလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**❖ လစဉ်စိုက်ပျိုးရေးထွက်ကုန် တန် ခြောက်သန်းခန့်ကို အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့လျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် အဆိုပါ တင်ပို့မှုပမာဏသည် ငါးပုံ တစ်ပုံခန့်လျော့နည်းသွားခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏အဆိုအရ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဈေးနှုန်းသည် ၂၀ ရာခိုင်နှုန်းမြင့်တက်လျက်ရှိသောကြောင့် တစ်ကမ္ဘာလုံးအတွက် စိုးရိမ်ပူပန်စရာဖြစ်လာခဲ့သည်။ ယူကရိန်းအရေးနှင့်စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်လာမှုတို့ကြောင့် ကမ္ဘာတစ်ဝန်း အာဟာရချို့တဲ့သောလူဦးရေအရေအတွက်သည် ၇ ဒသမ ၆ သန်းမှ ၁၃ ဒသမ ၁ သန်းထိ မြင့်တက်လာနိုင်သည်ဟုဆိုသည်။ ❖**

**ကိုးကား**

- **Geopolitical conflicts fueling food, energy insecurity by Asia Times.**

မောင်သောင်းဝင်း(တမန်ဟောင်း)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရပြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၂၈၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၂၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၆၄၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ပဲတီစိမ်း ၃၂၂၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေဆောင်ရွက်နေပါတယ်။ ဒီနှစ် ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၃၂၀၀၀ ကျော်စိုက်ပျိုးပြီးနေပါပြီ။ ကျန်တဲ့ ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ ပဲတီစိမ်းလျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးကြိုပဲတီစိမ်း ၁၅၉ ဧကနှင့် မိုးပဲတီစိမ်း ၃၈၄၆၉ ဧက စုစုပေါင်း ၃၈၆၂၈ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဇမ္ဗူသီရိမြို့နယ် ဂုဏ်မင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု ဂုဏ်မင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဂုဏ်မင်းအင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ စီမံကိန်းအရင်း၊ အတိုးငွေများ မိမိတို့ချေးယူသည့် သတ်မှတ်ကာလအတွင်း မပျက်မကွက်ပေးဆပ်ကြရန်နှင့် စီမံကိန်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားခဲ့သည်။

ဂုဏ်မင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၃၅ သိန်း ထုတ်ချေးပေးထားကြောင်း ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးက ပြောပြ၍ သိရသည်။

**ရှိုးသန်းဉာဏ်**

# မိုးသည်းထန်စွာရွာသွန်းမှုအကျိုးဆက်များ

မေဇင်ထွန်း

ပြင်းထန်သော မိုးရွာသွန်းမှုဖြစ်ရပ်များသည် ၁၉၅၀ ပြည့်နှစ်များမှစ၍ အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့ဒေသအများအပြားတွင် အကြိမ်ရေနှင့် ပြင်းထန်မှု တိုးလာခဲ့သည်။ မိုးရွာသွန်းမှုပမာဏသည် ပုံမှန်ထက် သိသိသာသာကျော်လွန်နေသည့် ဖြစ်ရပ်များ ပိုများလာသည်။ အမေရိကန်နိုင်ငံတွင် ၁၉၀၁ ခုနှစ်မှ စတင်၍ ဆယ်စုနှစ်တစ်ခုလျှင် နှစ်အလိုက်မိုးရွာသွန်းမှုနှုန်းသည် သုည ဒသမ ၂ လက်မနှုန်းဖြင့် တိုးလာခဲ့ပြီး အလွန်အမင်း မိုးရွာသွန်းမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိကာ အမေရိကန်နိုင်ငံ၏ အနောက်အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် အပြင်းထန်ဆုံး မိုးရွာသွန်းမှုဖြစ်စဉ် တိုးလာမှုများကို ကြုံတွေ့နေရသည်။ ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ရပ်များ ဆက်လက်ရှိနေဦးမည်ဟု သိပ္ပံပညာရှင်များက ဆိုထားသည်။ အစိုဓာတ်ပိုရှိသော လေထုသည် ပိုမိုပြင်းထန်သော မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေနိုင်သည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်း၏ လက်ငင်းသက်ရောက်မှုမှာ ရေကြီးနိုင်သည့် အလားအလာဖြစ်သည်။ စိမ့်ဝင်နိုင်သော မြေဆီလွှာမရှိသည့် လမ်းများဆောက်လုပ်ထားသော မြို့ပြများတွင် မိုးရေများသည် ရေမြောင်းစနစ်သို့ လျင်မြန်စွာ စီးဆင်းသွားနိုင်သည်။ မိုးအလွန်အကျွံရွာသွန်းခြင်းသည် ရေအရည်အသွေးကို ကျဆင်းစေပြီး လူ့ကျန်းမာရေး၊ ရေနေဂေဟစနစ်နှင့် ငါးဖမ်းလုပ်ငန်းများကို ထိခိုက်စေနိုင်သည်။ လေးလံသောသတ္တုများ၊ ပိုးသတ်ဆေးများ၊ နိုက်ထရိုဂျင်နှင့် ဖော့စဖရတ်များကဲ့သို့ ဓာတ်များသည် စီးဆင်းနေသော မိုးရေနှင့်အတူ ရေထု၊ မြေထုကို ညစ်ညမ်းစေသည်။ ထိုသို့စီးဆင်းမှုသည် အင်းအိုင်များ၊ ချောင်းများနှင့် ပင်လယ်အော်များတွင် အဆုံးသတ်သွားသည်။ အထူးသဖြင့် မိုးရေနှင့် ရေဆိုးများကိုရောနှောကာ သန့်စင်စွန့်ထုတ်သည့် ပေါင်းစပ်မိလ္လာစနစ်ကို အသုံးပြုသည့် အမေရိကန်ရှိ မြို့များစွာတွင် ပြဿနာတစ်ရပ်ဖြစ်လာသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆိုပါစနစ်များ ပျက်စီးစေပြီး မိုးရေများ၊ ရေဆိုးများနှင့် မသန့်ရှင်းသောမိလ္လာများကို ချောင်းများ၊ မြောင်းများနှင့် ပင်လယ်အတွင်းသို့ တိုက်ရိုက်ပို့လွှတ်သကဲ့သို့ဖြစ်လာနိုင်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းက ရေကြီးခြင်းအပြင် မြေပြိုမှုအန္တရာယ်ကို တိုးမြင့်လာစေသည်။ ပုံမှန်မိုးရွာသွန်းမှုထက် မြင့်တက်လာသော မိုးရေချိန်သည် မြေဆီလွှာ၏အပေါ်ယံမြေသားကို ပြည့်လျှံစေပြီး တောင်စောင်းများကို တိုက်စားကာ မြေပြိုမှုကိုဖြစ်စေသည်။ အမေရိကန်နိုင်ငံ၏ မြေပြင်အခြေအနေကြောင့် မြေပြိုမှုအန္တရာယ်အထူးမြင့်မားကာ ရာသီဥတု ပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှု တိုးလာပြီး မြေပြိုမှုများ မကြာခဏဖြစ်ပွားလာနိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များကို သာဓကပြရလျှင်-

- ၂၀၂၂ ခုနှစ် နွေရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မစ္စစ္စပီရှိ Jackson မြို့ရှိ ရေသန့်စက်များ နစ်မြုပ်ခဲ့ပြီး လူ သုံးဦး သေဆုံးကာ ၁၅၀၀၀၀ ကျော် သောက်သုံးရေပြတ်တောက်သွားခဲ့သည်။ ဇူလိုင်လနှောင်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိန့်လူးဝစ်တစ်ဝိုက်တွင် မိုးရေချိန် ရှစ်လက်မမှ ၁၂ လက်မထိ ရွာသွန်းခဲ့ပြီး Kentucky အရှေ့ပိုင်းတစ်လျှောက်တွင် ငါးလက်မမှ ၁၀ လက်မထိ ရွာသွန်းခဲ့သဖြင့် Kentucky မြစ်၏ မြောက်ဘက်တွင် မြစ်ရေလျှံလုနီးပါးဖြစ်ခဲ့သည်။
- ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် Tennessee တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၂၂ လက်မထိ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဒေသတွင်း စံချိန်များကို ချိုးဖျက်ခဲ့သည်။ ထို့ကြောင့် နေရာအနှံ့ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူ ၂၀ ဦး သေဆုံးခဲ့သည်။
- ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဟာရီကိန်းဟာဗေးသည် ဟူစတန်တွင် မိုးရေချိန် ၄၈ လက်မထိ ရွာသွန်းခဲ့ပြီး ဖြစ်ရပ်တစ်ခုတည်းမှ မိုးရွာသွန်းမှု အများဆုံးအတွက် အမေရိကန်စံချိန်ကို ချိုးဖျက်ကာ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများ၏ အကြီးမားဆုံးခြိမ်းခြောက်မှုမှာ ကမ်းရိုးတန်းရေလျှံမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၈ ဘီလီယံကျော်ရှိပြီး သေဆုံးသူ ၈၉ ဦးထက်မနည်းရှိခဲ့သဖြင့် မှတ်တမ်းဝင်ခဲ့သည့် သဘာဝဘေးများဖြစ်ခဲ့သည်။



ဂျာမနီနိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များ မြင့်တက်လာခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူသေဆုံးမှုများပင်ဖြစ်စေခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အခြေခံအဆောက်အအုံများကို ဆိုးရွားစွာ ပျက်စီးစေသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဂျာမနီမဟာဗျူဟာ (DAS) အရ ပြင်းထန်သောမုန်တိုင်းများ၊ ပူပြင်းသောမုန်တိုင်းများ သို့မဟုတ် မိုးခေါင်ရေရှားမှုများ မကြာခဏဖြစ်ပေါ်ခြင်းနှင့် မိုးရွာသွန်းမှု မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုထားသည်။ မိုးသည်းထန်စွာရွာခြင်းက အခြေခံအဆောက်အအုံများကို ပျက်စီးစေသဖြင့် မိုးဒဏ်လေဒဏ်မခံနိုင်သော အဆောက်အအုံများကို ပြင်ဆင်မှုများပြုလုပ်ကာကွယ်နိုင်သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းတို့သည် သောက်သုံးရေနှင့် မိလ္လာစနစ်များကို လွှမ်းမိုးနိုင်ပြီး ရောဂါပိုးများကို ပျံ့နှံ့စေနိုင်သည်။

အမျိုးသားရာသီဥတုဆိုင်ရာ အကဲဖြတ်ချက်အရ ဆောင်းရာသီနှင့် နွေဦးပိုင်းတို့တွင် မိုးရွာသွန်းမှုသည် ၃၀ ရာခိုင်နှုန်းတိုးလာမည်ဟု ခန့်မှန်းထားသည်။ မိုးသည်းထန်စွာရွာသွန်းသည့်အခါ မြေအောက်ခန်းများအပါအဝင် ထိုအခန်းများတွင် သိမ်းဆည်းသိုလှောင်ထားသောပစ္စည်းများ ပျက်စီးနိုင်သည်။ အလွန်အမင်းမိုးရွာသွန်းမှုဖြစ်စဉ်သည် မြစ်၊ ချောင်းများအတွင်းသို့ မိလ္လာများစွန့်ပစ်ခြင်းကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ မိလ္လာပိုက်များသည် အိမ်သာများ၊ စုပ်ခွက်များ၊ ရေချိုးခန်းများမှ ရေများနှင့် အခြားစွန့်ပစ်ရေများကို မြစ် သို့မဟုတ် ကန်များသို့ မစွန့်ပစ်မီ သန့်စင်ခြင်းလုပ်ငန်းစဉ်များလုပ်ဆောင်ရန် နေရာတစ်ခုသို့ပို့ကာ သန့်စင်ရန် ရည်ရွယ်ထားသော်လည်း မိုးသည်းထန်စွာရွာသည့်အခါ ပို့ဆောင်ရန်စီစဉ်ထားသောပိုက်လိုင်းများ ကမောက်ကမဖြစ်ကာ မြစ်၊ ချောင်းများထဲသို့ စီးဆင်းဝင်ရောက်သွားသည်။ တစ်နည်းဆိုရလျှင် ပြင်းထန်သောမိုးရွာသွန်းမှုဖြစ်စဉ်သည် ထိုစနစ်ကိုပျက်စီးစေပြီး မသန့်ရှင်းသော ရေဆိုးများကို ဒေသန္တရသောက်သုံးရေများရှိရာ ရေတွင်း၊ မြစ်၊ ချောင်း၊ ပင်လယ်ထဲသို့ ရောက်သွားစေသည်။ ဤထုတ်လွှတ်မှုများသည် မစ္စစ္စပီမြစ်နှင့် ဂရိတ်ကန်များကဲ့သို့ သောက်သုံးရေအရင်းအမြစ်များကို စိန်ခေါ်မှုများဖြစ်စေသည်။ သီးခြားရေဆိုးစွန့်ပစ်စနစ်များရှိသည့် ရပ်ရွာများတွင် မြောင်းစနစ်သည် ရေလျှံမှုများဖြစ်စေပြီး ရေဆိုးများကို စွန့်ထုတ်ရန် သို့မဟုတ် ရေဆိုးများကို စွန့်ပစ်ရန် တွန်းအားပေးသလိုဖြစ်စေနိုင်သည်။

၂၀၁၉ ခုနှစ်အတွင်း စံချိန်တင်မိုးရွာသွန်းမှုဖြစ်စဉ်များကြောင့် Minnesota ပတ်ဝန်းကျင်တွင် နေထိုင်ကြသော အိမ်ထောင်စု ၁၀၀ ကျော်သည် မြစ်များနှင့် ချောင်းများအတွင်းသို့ ရေဆိုးများနှင့် မိလ္လာများကို စွန့်ထုတ်ခဲ့ကြသည်။ သန့်စင်မှုမလုပ်ရသေးသောမိလ္လာများသည် လူ့ကျန်းမာရေးနှင့် ဂေဟစနစ်ကို အန္တရာယ်ဖြစ်စေသော ရောဂါပိုးများနှင့် အခြားညစ်ညမ်းမှုများကို သယ်ဆောင်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းများသည် အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးများကို ဖြစ်စေနိုင်ပြီး ရေဆိုးများကြောင့် မြေအောက်ရှိ သောက်သုံးရေများကို ပျက်စီးစေသည် (ဥပမာ- ရေတွင်းများကဲ့သို့) အရာများကို အားကိုးကာ သောက်သုံးရေကို အသုံးပြုနေရသော အသိုက်အဝန်းများတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရောဂါဖြစ်နိုင်ခြေပိုများစေသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မိုးသည်းထန်စွာရွာသွန်းသည့် အကြိမ်ရေများပိုမိုတိုးလာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ အပူပိုင်းမုန်တိုင်းများနှင့်ဆက်စပ်သော ရုတ်တရက်ရေကြီးမှုများကြောင့် သေဆုံးသူဦးရေသည်လည်း များပြားသည်။ ထို့ပြင် ရေကြီးရေလျှံချိန်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဆက်စပ်လျက်ရှိသော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များအပြင် မုန်တိုင်းတစ်ခုပြီးသည်နှင့် အခြားအန္တရာယ်များ မကြာခဏဖြစ်ပေါ်နိုင်သဖြင့် သတိကြီးစွာထား၍ နေထိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် အဆောက်အအုံများအတွင်းသို့ ရေဝင်ရောက်ခြင်းသည် နောက်ပိုင်းတွင် မှိုများဖြင့် နေအိမ်ကို ညစ်ညမ်းစေကာ အိမ်တွင်းလေထုအရည်အသွေးပြဿနာများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ဟာရီကိန်းမုန်တိုင်းကာလအတွင်း ပျက်စီးသွားသော အဆောက်အအုံများသည် ရေဝင်ရောက်မှုဒဏ်ကိုခံကြရပြီး စိုစွတ်သော အိမ်တွင်းပတ်ဝန်းကျင်တွင် နေထိုင်သူများသည် ပန်းနာရင်ကျပ်နှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းအပြင် အဆုတ်အအေးမိခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်ပိုး (RSV) နှင့် RSV pneumonia ကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ဖြစ်ပွားသည်ကို တွေ့ရသည်။

**မိုးသည်းထန်စွာရွာပြီးနောက် ဖြစ်ပေါ်တတ်သော အရာများ**

**ရေကြီးခြင်း** - မိုးသည်းထန်စွာရွာသွန်းသည်နှင့် ဖြစ်လာနိုင်သည့် ရေကြီးမှုအတွက် ကြိုတင်ပြင်ဆင်ထားပါ။ ထို့ပြင် ရေကြီးချိန်တွင် ဘေးကင်းအောင်နေရန်မှာ အရေးကြီးသည်။ ရေကြီးပြီးနောက် အန္တရာယ်ကင်းကြောင်း သက်ဆိုင်ရာက ကြေညာလျှင် အိမ်ပြန်သည့်အခါ စိုစွတ်ပြီး ကျန်နေခဲ့မည့် ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို ဂရုပြု၍ ကြိုတင်ကာကွယ်ပါ။

**မှို**- မှိုသည် ရေကြီးပြီးသည်နှင့် အိမ်အတွင်းနှင့် ပတ်ဝန်းကျင်တွင် မလွဲမသွေကျန်နေခဲ့မည့်အရာဖြစ်သဖြင့် မှိုကြောင့်ဖြစ်လာနိုင်သော လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာရောဂါများအတွက် ထည့်သွင်းစဉ်းစားကာ သန့်ရှင်းရေးကို ကြိုးစားဆောင်ရွက်ပြီး မှိုကြီးထွားမှုကို တားဆီးကာကွယ်ပါ။

**ပန်းနာရင်ကျပ်** - ဟာရီကိန်း သို့မဟုတ် ရေလွှမ်းမိုးမှုမတိုင်မီ ကာလအတွင်းနှင့် ပြီးနောက်ကာလများတွင် ပန်းနာရင်ကျပ်ရောဂါအခံရှိသူများအနေဖြင့် ရောဂါပြန်ထကာ အခြေအနေဆိုးရွားလာနိုင်သဖြင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလမ်းညွှန်ချက်များ အတိုင်းနေထိုင်ပါ။

**သောက်သုံးရေ** - မိုးသည်းထန်စွာရွာပြီးနောက် အခက်အခဲကြုံရမှာက သန့်ရှင်းသောသောက်သုံးရေရှားပါးခြင်းဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းမှုအတွက်ဖြစ်စေ၊ သောက်သုံးရန်အတွက်ဖြစ်စေ ရေလိုအပ်သည်။ ထိုသို့သောအရေးပေါ်အခြေအနေများတွင် ကျန်းမာရေးဆိုင်ရာရောဂါဖြစ်ပွားမှုများ များပြားမလာစေရန် ရေကိုကျိုချက်ပြီး အသုံးပြုခြင်းက အကောင်းဆုံးဖြစ်သည်။ သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်သောရေကြီးခြင်းဘေးအန္တရာယ်ဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ** - ရေကြီးပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံးအမြန်ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် အစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အခြားသော အဖွဲ့အစည်းများက အတူပူးပေါင်းလက်တွဲလုပ်ဆောင်ကြရမည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဒဏ်ခံနိုင်ရန် ဒေသခံများကို အိမ်အထပ်မြင့်ခြင်းကဲ့သို့သော ရေလွှမ်းမိုးမှုအန္တရာယ်လျှော့ချရေးလုပ်ဆောင်ချက်များ တွန်းအားပေးခြင်းလုပ်ဆောင်ကာ ဒေသန္တရရေလမ်းများအတွင်းသို့ မသန့်စင်ထားသော မိလ္လာများစွန့်ပစ်ခြင်းမပြုလုပ်ရန် သတိပေးထားရမည်။ ထိုသို့မပြုလုပ်ထားပါက ညစ်ညမ်းသောရေများသည် ရေလှောင်ကန်များသို့ ရောက်ရှိသွားပြီး ရေအရည်အသွေးကို ကျဆင်းစေမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Extreme Precipitation and Climate Change**

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက အိမ်ကွင်းမှာနိုင်ပွဲရဖို့ကြိုးပမ်းလာမဲ့ ချဲလ်ဆီးအသင်း၊ နာပိုလီအသင်း၊ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



ဒီတစ်ပတ်မှာ ဥရောပအမှတ်ပေးပြိုင်ပွဲတွေပြီးရင် နိုင်ငံတကာပြိုင်ပွဲတွေ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်လို့ ရမှတ်လိုအပ်နေတဲ့ အသင်းတွေအနေနဲ့ နိုင်ငံပွဲစဉ်တွေမစတင်ခင် ရမှတ်ရှာဖွေဖို့ အစွမ်းကုန်ကြိုးစားလာမှာသေချာပါတယ်။ ဒါ့ပြင် နွေရာသီအပြောင်းအရွှေ့ကာလကလဲ စက်တင်ဘာ ၁ ရက်မှာ ပြီးဆုံးမှာဖြစ်လို့ ကစားသမားလိုအပ်ချက်ရှိနေတဲ့အသင်းတွေ အနေနဲ့ ကစားသမားခေါ်ယူမှုတွေ ဆက်တိုက်ပြုလုပ်နေတာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲစဉ်တွေစတင်ခဲ့တာ ပွဲစဉ်(၃)၊ ပွဲစဉ်(၄)ထိ ရောက်လာခဲ့ပေမဲ့ ကစားကွက်ပိုင်းကောင်းပြီး နိုင်ပွဲမရသေးတဲ့ အသင်းတွေအနေနဲ့နိုင်ပွဲရဖို့ ပြင်ဆင်နေတာကြောင့် လာမဲ့စနေနေ့ညမှာ မဖြစ်မနေနိုင်ပွဲရှာရမဲ့အသင်းတွေကို အဓိကထားရွေးချယ်သွားရမှာဖြစ်ပါတယ်။

## ချဲလ်ဆီးအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ချဲလ်ဆီးအသင်းနဲ့ နော်တင်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ လီဗာပူးနဲ့ ကစားခဲ့ရပေမဲ့ တိုက်စစ်ဖွင့်ကစားခဲ့ပြီး လီဗာပူးကိုပွဲချိန်ပြည့်ဖိအားပေးသွားတဲ့ ခြေစွမ်းပိုင်းက အားရစရာကောင်းခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ လီဗာပူးကို ချေပဂိုးနဲ့ ဦးဆောင်ဂိုးဆက်တိုက်သွင်းယူခဲ့ပေမဲ့ VAR နဲ့ ပယ်ဖျက်ခဲ့တာကြောင့် သရေတစ်မှတ်သာရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒုတိယမြောက် အိမ်ကွင်းပွဲစဉ်မှာတော့ တန်းတက်လူတန်အသင်းကို အဘက်ဘက်က အသာစီးရယူနိုင်ခဲ့ပြီး စတားလင်း၊ ဂျက်ဆန်တို့ရဲ့ သွင်းဂိုးတွေနဲ့ သုံးဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ကွာရာဘောင်းဖလားပွဲစဉ်ဖြစ်တဲ့ တတိယမြောက် အိမ်ကွင်းပွဲစဉ်မှာလဲ အရန်ကစားသမားတွေနဲ့ ကစားခဲ့ပေမဲ့ ဝင်ဘယ်ဒန်အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီးနောက် တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကစားသမားကိုးယောက်ထိ ဒဏ်ရာပြဿနာရှိနေပေမဲ့ အရန်ကစားသမား အင်အားတောင့်တင်းတဲ့ သူတို့အသင်းအတွက် အခက်အခဲမရှိသလို နော်တင်ဟမ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးပြီး နိုင်ပွဲရှာနိုင်မှာသေချာပါတယ်။

နော်တင်ဟမ်အသင်းနည်းပြစတိဗ်ကူးပါးကတော့ ခံစစ်ပိုင်းပြင်ဆင်ကစားနေပေမဲ့ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်အဝေးကွင်းမှာ အာဆင်နယ်ကို နှစ်ဂိုး တစ်ဂိုး၊ ဒုတိယမြောက်အဝေးကွင်းမှာ မန်ယူကို သုံးဂိုး နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး လက်ရှိအဝေးကွင်းပွဲစဉ်မှာလဲ ချဲလ်ဆီးအသင်းနဲ့ တွေ့ဆုံနေတာကြောင့် ပွဲကျပ်တွေ ဆက်တိုက်ကစားနေရတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ အဲဒီပွဲစဉ်တွေမှာ အသင်းကြီးနဲ့ တွေ့ဆုံခဲ့ပေမဲ့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကစားနိုင်ခဲ့ပြီး ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နော်တင်ဟမ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ဖလားပွဲမှာ အရန်ကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပြီး ဘန်လေအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ချဲလ်ဆီးအသင်းနဲ့ လာမဲ့ပွဲစဉ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်လာတာကိုတွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ သုံးပွဲအပြီးမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ အဆင့်(၁၄)မှာ ရောက်နေတာကြောင့် လာမဲ့ပွဲစဉ်မှာ အနည်းဆုံးရမှတ်ခွဲယူဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ ချဲလ်ဆီးအသင်းရဲ့ လူစာရင်းနဲ့ယှဉ်ရင် နော်တင်ဟမ်အသင်းအနေနဲ့ အဆင့်တစ်ခုထိ ကွာဟနေသလို ကစားသမားတစ်ယောက်ချင်းရဲ့ စွမ်းဆောင်ရည်ပိုင်းကလဲ ချဲလ်ဆီးအသင်းကအသာရနေတာကြောင့် ချဲလ်ဆီးအသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ခက်ခဲပြီး ပေးဂိုးမများဖို့သာ အာရုံစိုက်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ ချဲလ်ဆီးအသင်းကို ရွေးချယ်ရမှာပါ။

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၁ | - | ၁ | ဒေါ့မွန် |
| ချဲလ်ဆီး | ၁ | - | ၁ | လီဗာပူး |
| ဝက်စ်ဟမ်း | ၃ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၃ | - | ၀ | လူတန် |
| ချဲလ်ဆီး | ၂ | - | ၁ | ဝင်ဘယ်ဒန် |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၀ | - | ၀ | နော်တင်ဟမ် |
| အာဆင်နယ် | ၂ | - | ၁ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၂ | - | ၁ | ရှက်ဖီး(U) |
| မန်ယူ | ၃ | - | ၂ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၀ | - | ၁ | ဘန်လေ |

## နာပိုလီအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နာပိုလီအသင်းနဲ့လာဇီယိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြသစ်ရူဒီဂါစီယာ လက်ထက်မှာ ရှုံးပွဲမရှိသေးဘဲ ရာသီကြိုခြေစမ်းပွဲတွေမှာလဲ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး တိုက်စစ်ပိုင်း ထက်မြက်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ စီးရီးအေ အဖွင့်ပွဲစဉ်မှာ ဖရိုစီဝမ်းနဲ့တွေ့ဆုံခဲ့တာကြောင့် အသာစီးနဲ့ကစားနိုင်ခဲ့ပြီး အိုစီမန်၊ ပိုလီတာနိုတို့ရဲ့ ဂိုးတွေနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲစဉ်မှာတော့ ဆက်ဆူအိုလိုကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ခဲ့ပြီး အိုစီမန်၊ လိုရန်ဇိုတို့ရဲ့ ဂိုးတွေနဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်မှူး အိုစီမန်ကတော့ သွင်းဂိုးသုံးဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နာပိုလီဟာ နှစ်ပွဲကစား နှစ်ပွဲနိုင်နဲ့ အဆင့်(၂)မှာရောက်ရှိနေပြီ ချန်ပီယံဆုကို ဆက်လက်ကာကွယ်ဖို့အသင့်ဖြစ်နေတာကြောင့် အခုပွဲစဉ်မှာလဲ လာဇီယိုအသင်းကို ဖိအားပေးကစားပြီး နိုင်ပွဲဆက်အုံးမှာ သေချာပါတယ်။

လာဇီယိုအသင်းဟာ ဝါရင့်နည်းပြဆာရီတာဝန်ယူနေပေမဲ့ တိုက်စစ်ပိုင်းက အင်မိုဘိုင်းအသက်အရွယ်ရလာတာကြောင့် ကစားအားကျဆင်းခဲ့သလို အသင်းအနေနဲ့ အဓိကကစားသမားဖြည့်တင်းမှု မလုပ်နိုင်ခဲ့လို့ ရလဒ်ပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့ လက်ချီအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့သလို ဒုတိယပွဲစဉ်မှာလဲ ဂျီရိုနာအသင်းကိုအိမ်ကွင်းမှာ တစ်ဂိုး ဂိုးမရှိနဲ့ ထပ်ရှုံးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ နည်းပြဆာရီဟာ သရေတစ်မှတ်ရဖို့ အစွမ်းကုန်ကြိုးစားလာမှာ သေချာပေမဲ့ နာပိုလီအသင်းရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ အိုစီမန်၊ ရက်ပါဒိုရီ၊ ပိုလီတာနိုတို့အတွဲကို လာဇီယိုခံစစ်ပိုင်းက တားဆီးဖို့ မဖြစ်နိုင်တာကို တွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာလဲ အသာရထားတဲ့ နာပိုလီအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၁ | - | ၁ | ဂျီရိုနာ |
| နာပိုလီ | ၁ | - | ၀ | အော့စ်ဘတ် |
| နာပိုလီ | ၂ | - | ၀ | အပိုလွန် |
| ဖရိုစီဝမ်း | ၁ | - | ၃ | နာပိုလီ |
| နာပိုလီ | ၂ | - | ၀ | ဆက်ဆူအိုလို |

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၃ | - | ၀ | လာဇီယို |
| ဂျီရိုနာ | ၂ | - | ၁ | လာဇီယို |
| လက်တီနာ | ၀ | - | ၉ | လာဇီယို |
| လက်ချီ | ၂ | - | ၁ | လာဇီယို |
| လာဇီယို | ၀ | - | ၁ | ဂျီရိုနာ |

## ဆိုစီဒက်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဆိုစီဒက်အသင်းနဲ့ ဂရန်နာဒါအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ပြီးခဲ့သုံးပွဲမှာ ဂျီရိုနာ၊ ဆဲလ်တာဗီဂို၊ လက်ပါးမက်တို့ကို သရေရလဒ်သာကစားနိုင်ခဲ့ပြီး ရမှတ်သုံးမှတ်သာရရှိသေးတာကြောင့် နိုင်ပွဲလိုအပ်နေတာကိုသတိပြုရမှာပါ။ လက်ရှိမှာ တိုက်စစ်မှူး အန်ဒရီ ဆေးတားဒဏ်ရာကြောင့် မပါနိုင်ပေမဲ့ တီယာနေးကတော့ အခုပွဲစဉ်မှာ ပါဝင်လာမှာဖြစ်လို့ တိုက်စစ်ကစားပုံ ထက်မြက်လာမှာ သေချာနေပါတယ်။ နည်းပြအယ်ဂွါစီအနေနဲ့ လက်ရှိအားနည်းနေတဲ့ တိုက်စစ်ကစားပုံကို ပြင်ဆင်ပြီး အခုပွဲစဉ်ကိုနိုင်ပွဲရဖို့ ကြိုးစားလာမှာဖြစ်လို့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုမှာလဲ ဆိုစီဒက်အသင်းက အနိုင်ရထားတာကို တွေ့ရမှာပါ။

လာလီဂါသုံးပွဲကစားအပြီးမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ထားတဲ့ ဂရန်နာဒါအသင်းဟာ အမှတ်ပေးဇယားအဆင့်(၁၅)မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဲဒီပွဲစဉ်တွေမှာ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းအပြောင်းအလဲ ပြုလုပ်ခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးခုနစ်ဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ နောက်ဆုံးပွဲစဉ်မှာတော့ မာယော့ကာကို အနိုင်ရခဲ့တယ်ဆိုပေမဲ့ ပြိုင်ဘက်အသင်းရဲ့ ဖိအားပေးမှုကိုဆက်တိုက်ခံခဲ့ရပြီး ပင်နယ်တီကန်သွင်းမှု ဂိုးမဖြစ်ခဲ့လို့သာ နိုင်ပွဲရခဲ့တယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အခုနှစ်မှ လာလီဂါကို တန်းတက်လာခဲ့ပေမဲ့ အဓိကကစားသမားခေါ်ယူမှု မပြုလုပ်နိုင်ခဲ့တာကြောင့် အသင်းကြီးတွေနဲ့ဆို ရလဒ်ကောင်းဖို့ ရုန်းကန်ရမှာသေချာပါတယ်။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သလို ဂီတာဖေး၊ မာယော့ကာတို့လို ခြေရည်တူအသင်းတွေကိုသာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဆိုစီဒက်အသင်းဟာ လာလီဂါမှာ မဖြစ်မနေနိုင်ပွဲရှာရမှာဖြစ်တာကြောင့် ပွဲချိန်ပြည့် တိုက်စစ်မြှင့်ကစားလာမယ်ဆိုရင် ခံစစ်ပိုင်းပေးဂိုးများနေတဲ့ ဂရန်နာဒါအသင်းကို ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ ဆိုစီဒက်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၀ | - | ၀ | ဆိုစီဒက် |
| ဘက်တစ် | ၀ | - | ၁ | ဆိုစီဒက် |
| ဆိုစီဒက် | ၁ | - | ၁ | ဂျီရိုနာ |
| ဆိုစီဒက် | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| လက်ပါးမက် | ၀ | - | ၀ | ဆိုစီဒက် |

**ဂရန်နာဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၂ | ဂရန်နာဒါ |
| အယ်မာရီယာ | ၁ | - | ၀ | ဂရန်နာဒါ |
| အေတီကို | ၃ | - | ၁ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၀ | - | ၂ | ဗယ်လ်ကာနို |
| ဂရန်နာဒါ | ၃ | - | ၂ | မာယော့ကာ |

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉၆၉၁၂၃၁၆၃၉



KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ပြည့်စွမ်းထား . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အရှေ့ရပ်ကွက်နေ ဦးဇော်မျိုးထက်-ဒေါ်စီစီထွန်း တို့၏သမီး မသွန်းရတီစိုးမိုး အား မသွန်းရတီထွန်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မသွန်းရတီထွန်း**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ အနီးစခန်း(၃)နေ ဒေါ်ကြင်ဆွေ (ဘ) ဦးအောင်ဖေ (၅/ကလန(နိုင်)၀၀၀၁၅၇)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၅-၁၂-၁၉၇၅ ဖြစ်ပါကြောင်း။ **၂၅-၁၂-၁၉၇၅**

## ပျောက်ဆုံးကြောင်း

ကသာမြို့၊ ရပ်ကွက် (၆)နေ မဂျူလိုင်ဝင်း (ဘ) ဦးစံဝင်း (၅/ကသန(နိုင်)၀၅၇၅၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-250529) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၆ ၂၁၁၁၈၆**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ အ. ထ. က (မလှိုင်)၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်ကျော် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်မျိုးဟိန်းကျော် ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးဟိန်းကျော်(၇/တငန(နိုင်)၁၅၂၂၉၅)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မတ္တရာမြို့နယ်၊အ. မ. က(ပိသနိုး)တွင် ကျောင်းအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်သန်းသန်းအုန်း(၅/ဆလက(နိုင်)၀၁၇၆၈၈)၏အမည်သည် နိုင်ငံသားစိစစ်ရေးကတ်နှင့်အမှုထမ်းစာအုပ်ပါ ဒေါ်သန်းသန်းအုန်း နှင့် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)ပါ ဒေါ်သန်းသန်းအုံး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းအုန်း(ခ)ဒေါ်သန်းသန်းအုံး (၅/ဆလက(နိုင်)၀၁၇၆၈၈)**

"အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

❖ မိမိနိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားတို့၏ လက်ဝယ်တွင်သာရှိရမည်ဖြစ်ပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့်စိတ်နှင့်ယုံကြည်မှုကို တည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည်မဟုတ် . . .

❖ ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကိုကြည့်၍ လူသားအရင်းအမြစ်ကောင်းများကို ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ကြစေလို . . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေး

မြဝတီရုပ်မြင်သံကြားနှင့် သဇင် FMတို့အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ၊ စက်မှုပိုင်းဆိုင်ရာ စစ်ဆေးပြုပြင်မှုများကို ၃၁-၈-၂၀၂၃ ရက်မှ ၃-၉-၂၀၂၃ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပါစစ်ဆေးပြုပြင်နေစဉ်ကာလအတွင်း မြဝတီရုပ်မြင်သံကြားလိုင်းများနှင့် သဇင်FMအစီအစဉ်များဖမ်းယူကြည့်ရှုရာတွင် လိုင်းများထစ်ခြင်းနှင့် ခေတ္တပြတ်တောက်ခြင်းများဖြစ်ပေါ်လာနိုင်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး တတိယနေ့တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)စစ်ကွပ်ကဲရေးမှူးအဆင့်ရှိ စောဘညိမ်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ KNU / KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



မင်္ဂလာအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..